# ITF စုံးစမ်းစစ်ရေးအရာရှိများ စာရင်း






ITF AFRICA
NAIROBI, KENYA
Tel: +254 20 374 2774/5
Email: nairobi@itf.org.uk

ITF AFRICA (FRANCOPHONE)
OUAGADOUGOU
Tel: +226 (0) 50 375610
Email: itfwak@fasonet.bf

ITF ARAB WORLD
AMMAN, JORDAN
Tel: +962 (0) 6 5821366
Email: arab-world@itf.org.uk

ITF ASIA PACIFIC
DELHI OFFICE
Tel: +91 (0) 11 2335 4408 / 7423
or 11 2373 1669
Email: itfindia@vsnl.com
TOKYO OFFICE
Tel: +81 (0) 337 982 770
Email: mail@itftokyo.org
ITF SYDNEY OFFICE
Tel: +61 420 928 780
Tel: +64 21 227 1519

# ITF စုံစမ်းစစ်ရေးအရာရှိများ စာရင်း အဆက်

| NAME | ROLE | COUNTRY | PORT | OFFICE PHONE | MOBILE PHONE | E-MAIL |
|---|---|---|---|---|---|---|
| Aswin Noordermeer | Inspector | Netherlands | Rotterdam | | +31 6 53 337522 | noordermeer_aswin@itf.org.uk |
| Debbie Klein | Inspector | Netherlands | Rotterdam | | +31 6 53 182 734 | klein_debbie@itf.org.uk |
| Gijs Mol | Inspector | Netherlands | Rotterdam | | +31 622 89 08 77 | mol_gijs@itf.org.uk |
| Grahame McLaren | Inspector | New Zealand | Wellington | +64 4 801 7613 | +64 21 292 1782 | mclaren_grahame@itf.org.uk |
| Henry Akinrolabu | Inspector | Nigeria | Lagos | +234 803 835 9368 | +234 803 835 9368 | akinrolabu_henry@itf.org.uk |
| Angelica Gjestrum | Coordinator | Norway | Oslo | +47 22 82 58 24 | +47 9 77 29 357 | gjestrum_angelica@itf.org.uk |
| Erling C Ween | Inspector | Norway | Oslo | +47 22 825 825 | +47 90 50 6084 | ewee@sjomannsforbundet.no |
| Tore Steine | Inspector | Norway | Bergen | +47 55 23 00 59 | +47 907 68 115 | steine_tore@itf.org.uk |
| Truls M Vik Steder | Inspector | Norway | Porsgrunn | +47 35 54 82 40 | +47 90 98 04 87 | steder_truls@itf.org.uk |
| Yngve Lorentsen | Inspector | Norway | Tromso | +47 (0) 77 69 93 46 | +47 (0) 41401222 | lorentsen_yngve@itf.org.uk |
| Luis Carlos Fruto | Inspector | Panama | Cristobal | +507 315 1904 | +507 6617 8525 | fruto_luis@itf.org.uk |
| Joselito Pedaria | Inspector | Philippines | Cebu City | +63 32 256 16 72 | +63 920 9700 168 | pedaria_joselito@itf.org.uk |
| Rodrigo Aguinaldo | Inspector | Philippines | Manila | +63 2 536 8287 | +63 917 8111 763 | aguinaldo_rodrigo@itf.org.uk |
| Adam Mazurkiewicz | Inspector | Poland | Szczecin | +48 91 4239707 | +48 501 539329 | mazurkiewicz_adam@itf.org.uk |
| Grzegorz Daleki | Inspector | Poland | Gdynia/Gdansk | +48 58 6616096 | +48 514 430 374 | daleki_grzegorz@itf.org.uk |
| João de Deus Gomes Pires | Inspector | Portugal | Lisbon | +351 21 391 8181 | +351 91 936 4885 | pires_joao@itf.org.uk |
| Felipe Garcia Cortijo | Inspector | Puerto Rico | San Juan | +1 787 999 8130 | +1 787 410 1344 | garcia_felipe@itf.org.uk |
| Adrian Mihalcioiu | Inspector | Romania | Constanta | +40 241 618 587 | +40 722 248 828 | mihalcioiu_adrian@itf.org.uk |
| Kirill Pavlov | Inspector | Russia | St. Petersburg | +7 812 718 6380 | +7 911 929 04 26 | pavlov_kirill@itf.org.uk |
| Olga Ananina | Inspector | Russia | Novorossiysk | +7 8617 612556 | +7 9887 621232 | ananina_olga@itf.org.uk |
| Petr Osichansky | Inspector | Russia | Vladivostock | +7 4232 512 485 | +7 914 790 6485 | osichansky_petr@itf.org.uk |
| Sergey Fishov | Coordinator | Russia | St Petersburg | +7 812 718 6380 | +7 911 096 9383 | fishov_sergey@itf.org.uk |
| Vadim Mamontov | Inspector | Russia | Kaliningrad | +7 4012 656 840/475 | +7 9062 38 68 58 | mamontov_vadim@itf.org.uk |
| Mouhamed Diagne | Contact | Senegal | Dakar | +221 775364071 | +221 775364071 | syndmarine@gmail.com |
| Seydina Keita | Contact | Senegal | Dakar | +221 776926408 | | fatima200817@live.fr |
| Daniel Tan Keng Hui | Contact | Singapore | Singapore | +65 6379 5660 | +65 9616 5983 | daniel_tan@seacare.com.sg |
| Gwee Guo Duan | Contact | Singapore | Singapore | +65 6390 1611 | +65 9823 4979 | duan_gwee@itf.org.uk |
| Cassiem Augustus | Inspector | South Africa | Cape Town | +27 21 461 9410 | +27 82 773 6366 | augustus_cassiem@itf.org.uk |
| Sprite Zungu | Coordinator | South Africa | Durban | +27 31 706 0036 | +27 827 73 63 67 | zungu_sprite@itf.org.uk |
| Gonzalo Galan Fernandez | Inspector | Spain | Las Palmas | | +34 638809166 | galan_gonzalo@itf.org.uk |
| Joan Mas Garcia | Inspector | Spain | Barcelona | +34 93 481 27 66 | +34 629 302 503 | mas_joan@itf.org.uk |
| Jose M Ortega | Coordinator | Spain | Algeciras | +34 956 657 046 | +34 699 436 503 | ortega_jose@itf.org.uk |
| Juan Ramon Garcia | Inspector | Spain | Valencia | +34 96 367 06 45 | +34 628 565 184 | garcia_juan@itf.org.uk |
| Luz Baz | Inspector | Spain | Vigo | +34 986 221 177 | +34 660 682 164 | baz_luz@itf.org.uk |
| Mohamed Arrachedi | Inspector | Spain | Bilbao | +34 944 93 5659 | +34 629 419 007 | arrachedi_mohamed@itf.org.uk |
| Ranjan Perera | Inspector | Sri Lanka | Colombo | +94 112 583040 | +94 773 147005 | perera_ranjan@itf.org.uk |
| Annica Barning | Coordinator | Sweden | Stockholm | | +46 70 57 49 714 | barning_annica@itf.org.uk |
| Fredrik Bradd | Inspector | Sweden | Umea | +46 10 4803103 | +46 761006445 | bradd_fredrik@itf.org.uk |
| Göran Larsson | Inspector | Sweden | Gothenburg | +46 10 480 3114 | +46 70 626 7788 | larsson_goran@itf.org.uk |
| Goran Nilsson | Assistant Coordinator | Sweden | Gothenburg | +46 10 480 31 21 | +46 76 100 65 12 | nilsson_goran@itf.org.uk |
| Haakan Andre | Inspector | Sweden | Norrkoping | +46 8 791 4100 | +46 70 574 2223 | andre_hakan@itf.org.uk |
| Sven Save | Inspector | Sweden | Helsingborg | | +46 70 57 49 713 | save_sven@itf.org.uk |
| Sanders Chang | Inspector | Taiwan, China | Taichung | +886 2658 4514 | +886 955 415 705 | chang_sanders@itf.org.uk |
| Tse-Ting Tu | Inspector | Taiwan, China | Kaoshiung | +886 7 5212380 | +886 988513979 | tu_tse-ting@itf.org.uk |
| Franck Kokou Séyram Akpossi | Contact | Togo | Lome | +228 90 04 24 07 | +228 99 50 53 35 | paxhominibus@hotmail.com |
| Muzaffer Civelek | Inspector | Turkey | Istanbul | +90 216 4945175 | +90 535 663 3124 | civelek_muzaffer@itf.org.uk |
| Nataliya Yefrimenko | Inspector | Ukraine | Odessa | +380 482 429 901 | +380 50 336 6792 | yefrimenko_nataliya@itf.org.uk |
| Barbara Shipley | Inspector | United States of America | Baltimore/Norfolk | +1 757 622 1892 | +1 202 412 8422 | shipley_barbara@itf.org.uk |
| Dwayne Boudreaux | Coordinator | United States of America | New Orleans | | +1 504 442 1556 | boudreaux_dwayne@itf.org.uk |
| Enrico Esopa | Coordinator | United States of America | New York | +1 201 434 6000 (ext 240) | +1 201 417 2805 | esopa_enrico@itf.org.uk |
| Jeff Engels | Coordinator | United States of America | Seattle - Tacoma | +1 360 379 4038 | +1 206 331 2134 | engels_jeff@itf.org.uk |
| John Metcalfe | Contact | United States of America | Portland, Maine – Boston | +1 207 785 4531 | +1 207 691 5253 | metcalfe_john@itf.org.uk |
| Lila Smith | Inspector | United States of America | Seattle - Tacoma | +1 206 533 0995 | +1 206 818 1195 | smith_lila@itf.org.uk |
| Martin D. Larson | Inspector | United States of America | Portland | | +1 503 347 7775 | larson_martin@itf.org.uk |
| Michael Baker | Contact | United States of America | Cleveland | +1 216 781 7816 | +1 440 667 5031 | baker_michael@itf.org.uk |
| Shwe Tun Aung | Inspector | United States of America | Houston | +1 713 659 5152 | +1 713 447 0438 | aung_shwe@itf.org.uk |
| Stefan Mueller-Dombois | Inspector | United States of America | LA - South California | +1 562 493 8714 | +1 562 673 9786 | mueller_stefan@itf.org.uk |
| Tony Sacco | Inspector | United States of America | Morehead City | +1 910 859 8222 | +1 910 859 3153 | sacco_tony@itf.org.uk |
| Tony Sasso | Inspector | United States of America | Port Canaveral | +1 321 784 0686 | +1 321 258 8217 | sasso_tony@itf.org.uk |

# စက်မှုတော်လှန်ရေး လှုပ်ရှားမှုလုပ်ဖို့စဉ်းစားနေလား.... ဒါကိုအရင်ဆုံးဖတ်ကြည့်ပါ

သင်္ဘောသားတွေ သင်္ဘောပေါ်မှာအဆင်ပြေစွာ လစာကောင်းကောင်းနှင့်လုပ်ကိုင်နိုင်ရေး ITF က ကူညီမည်ဟု ကတိပြုထားပြီး စုပေါင်းသဘောတူညီချက်ကိုလည်း အားလုံးဝိုင်းဝန်းလုပ်ဆောင်ကြမယ်လို့ဆိုပါတယ်။

တစ်ခါတစ်ရံသင်္ဘောသားတွေဟာ ဥပဒေကြောင်းအရတရားရုံးတွေကိုမသွားချင်ပဲသွားကြရတယ်။ သင်္ဘောကိုဆန္ဒပြကြတာလည်းရှိတယ်။ တစ်နေရာမှာ ပုံစံတစ်မျိုးဖြစ်မှာပါ။ တစ်နိုင်ငံရဲ့ပုံစံကနောက်တစ်နိုင်ငံနဲ့ ဆန့်ကျင်ဘက်လည်းဖြစ်သွားနိုင်တယ်။

ဘယ်လိုလုပ်ဆောင်ရမယ်ဆိုတဲ့လမ်းညွှန်ချက်တွေရဖို့ ITF ရဲ့ဒေသခံကိုယ်စားလှယ်နဲ့ဆက်သွယ်ပါ။ ခုဒီစာအုပ်ရဲ့အလယ်လောက်မှာ ဆက်သွယ်လို့ရမယ့် အီးမေးလ်လိပ်စာနဲ့ ဖုန်းနံပါတ်တွေထည့်ပေးထားပါတယ်။ တစ်ခုခုလုပ်မယ်ဆိုရင် ဒေသခံတွေရဲ့တရားဝင်အကြံ ပေးချက်ရယူသင့်တယ်။

တစ်ချို့နိုင်ငံတွေမှာ ဆန္ဒပြတာကိုတရားဝင်ခွင့်မပြုတာတွေရှိမယ်။ အဲဒီလိုဆန္ဒပြဖို့ဖြစ်လာပြီဆိုရင် ITF ရဲ့သက်ဆိုင်ရာကိုယ်စားလှယ်တွေက မင်းကိုရှင်းပြလိမ့်မယ်။

နိုင်ငံတော်တော်များများမှာ ပြဿနာကိုဖြေရှင်းဖို့အကောင်းဆုံးနည်းလမ်းက ဆန့်ကျင်ဆန္ဒပြတာပါ။ ရလာတဲ့အကြံပေးချက်ပေါ်မူတည်ပြီး ထပ်ပြီးဆန္ဒပြသင့်မသင့်စဉ်းစားရမှာပါ။ ပင်လယ်ပြင်မှာမဟုတ်ပဲဆိပ်ကမ်းကပ်တဲ့အချိန်ဆိုရင်တော့ တရားဝင်ဆန္ဒပြခွင့် ရတဲ့နိုင်ငံတွေလည်းရှိပါတယ်။

ဆန္ဒပြတဲ့အခါ အကြမ်းမဖက်ပဲစည်းကမ်းရှိရှိနဲ့ စည်းလုံးမှုရှိဖို့တော့အရေးကြီးတယ်။ ဆန္ဒပြခွင့်ဟာလူတစ်ယောက်မှာရှိသင့်တဲ့လူ့အခွင့်အရေးဆိုတာမမေ့ပါနဲ့။ ဆန္ဒပြခွင့်ကို ဥပဒေအရတရားဝင်ခွင့်ပြုထားတဲ့နိုင်ငံတွေလည်းရှိပါတယ်။

ကိုယ်လုပ်မယ်ဆိုတဲ့အရာတိုင်းကို မလုပ်ခင်မှာ သက်ဆိုင်ရာ ITF ကိုယ်စားလှယ်တွေနဲ့တွေ့ဆုံစကားပြောဖို့မမေ့ပါနဲ့။ အတူစုပေါင်းလုပ်ဆောင်မယ်ဆိုရင်တရားမျှတမှုနဲ့ အခြေခံရပိုင်ခွင့်တွေအတွက်အောင်မြင်မှုရမှာမုချမလွဲပါပဲ။

## ရေကြောင်းလောကတွင်ဖြစ်ပွားတတ်သည့် မတော်တဆမှုများ

သင်္ဘောမတော်တဆမှုတစ်ခုခုဖြစ်တယ်ဆိုရင် နိုင်ငံတကာကသတ်မှတ်ထားတဲ့လမ်းညွှန်ချက်တွေက သင်္ဘောသားတွေအတွက်တရားမျှတမှုရှိဖို့ ရပ်တည်ပေးမှာပါ။
ကိုယ်အလုပ်လုပ်နေတဲ့သင်္ဘောပေါ်မှာ မတော်တဆမှုတွေဖြစ်လာရင် လုပ်ဆောင်သင့်တာတွေနဲ့ရသင့်တဲ့အခွင့်အရေးတွေကိုအောက်မှာဖော်ပြထားပါတယ်။

- ♦ ရှေ့နေနဲ့ဆက်သွယ်ဆောင်ရွက်ခွင့်ရှိပါတယ်။ နောင်တွင်ဖြစ်ပွားလာမည့် ဥပဒေကြောင်းအရဖြေရှင်းရမည့်မည်သည့်ကိစ္စမဆို ကိုယ့်ကိုထိခိုက်လာနိုင်သည့်အတွက် မည်သည့်ထုတ်ပြန်ချက်မျိုး၊ မည်သည့်မေးခွန်းမျိုးမဆို မဖြေရှင်းခင်တစ်ယောက်ယောက်ကိုမေးမြန်းပါ။
- ♦ တစ်ဖက်ကကိုယ့်ကိုဘာပြောလဲဆိုတာနားလည်သဘောပေါက်အောင်လုပ်ပါ။ နားမလည်ဘူးဆိုရင် မေးခွန်းတွေထပ်မမေးအောင် အာဏာပိုင်တွေကိုပြောပါ။ ဘာသာစကားအခက်အခဲရှိတယ်ဆိုရင် ဘာသာပြန်ပေးနိုင်မယ့်သူကိုအကူအညီတောင်းပါ။
- ♦ ကုမ္ပဏီမှာလည်း အကူအညီပေးဖို့တာဝန်ရှိပါတယ်။ ဒါကြောင့် အကူအညီ၊ အကြံဉာဏ်တွေရယူနိုင်ဖို့ ကုမ္ပဏီ ဒါမှမဟုတ် သမဂ္ဂကိုဆက်သွယ်ပါ။

ထပ်မံသိရှိလိုပါက **www.itfseafarers.org/your_legal_rights.cfm** မှာကြည့်ရှုနိုင်ပါတယ်။

# ဥပဒေအကာအကွယ်

## သင်္ဘောသားများအတွက် ပိုမိုကောင်းမွန်သော ဥပဒေအကာအကွယ်ရရှိခြင်း

**အသစ်စက်စက်ပြုလုပ်တဲ့ သုသေတန၊ ပညာပေးမှုနဲ့သင်တန်းပေးမှုတွေကနေတဆင့် ကမ္ဘာအရပ်ရပ်က သင်္ဘောသားများအတွက် ဥပဒေအရအကာအကွယ်ပေးမှုတွေကို တိုးတက်ကောင်းမွန်လာစေဖို့အတွက် နိုင်ငံတကာသင်္ဘောသားများ အခွင့်အရေးဆိုင်ရာအဖွဲ့အစည်း (SRI) ကို ၂၀၀၀ ပြည့်နှစ်စက်တင်ဘာလမှာ တည်ထောင်ခဲ့ပါတယ်။ နိုင်ငံတကာရှေ့နေတစ်ဦးဖြစ်ပြီး SRI ကို တည်ထောင်သူ Deirdre Fitzpatrick SRI ကိုဖွဲ့စည်းပြီးတဲ့နောက် တိုးတက်ပြောင်းလဲလာမှုတွေကို ပြောပြခဲ့ပါတယ်။**










**ရေကြောင်းလုပ်ငန်းရဲ့ သဘောသဘာဝဟာ အခြားလုပ်ငန်းတော်တော်များများမှာမရှိတဲ့ ရှုပ်ထွေးမှုတွေရှိတယ်။ ယေဘုယျအားဖြင့် စည်းမျဉ်းဥပဒေတွေနဲ့ လွတ်ကင်းနေတဲ့လုပ်ငန်းမျိုးဖြစ်ပြီး ရေလုပ်သားတွေဟာ စည်းကမ်းဥပဒေတွေ လုံးဝမတူညီတဲ့နိုင်ငံတွေနဲ့ နိုင်ငံရပ်ခြားမှာပဲ တရားစီရင်ပိုင်ခွင့်ရှိတဲ့ဒေသတွေကို နေ့စဉ်ရေကြောင်းခရီးကနေ သွားလာနေရသူတွေဖြစ်တယ်။ ဒီလိုမျိုးလုပ်ငန်း သဘောသဘာဝရှိတဲ့အပြင် သင်္ဘောပိုင်ရှင်တွေ၊ မန်နေဂျာတွေ၊ သင်္ဘောငှားရမ်းသူတွေ၊ ကုန်ပစ္စည်းပေးသွင်းသူတွေ၊ ကိုယ်စားလှယ်တွေနဲ့သင်္ဘောသားတွေ ရောနှောနေတာကြောင့် တာဝန်ယူအမှုအပိုင်းတွေ မရှင်းမလင်း ဖြစ်လာတတ်တယ်။ ရေကြောင်းလုပ်သားဆိုင်ရာဥပဒေဆိုတာ ကလည်း ရှုပ်ထွေးပြီးကွဲပြားတဲ့ ဥပဒေစည်းမျဉ်းတွေပါဝင်တယ်။ နောက်ပြီး သင်္ဘောသားတွေနဲ့ပတ်သက်တဲ့ ပြသနာတွေဟာ စွန့်ပစ်ခံရခြင်းကနေ ပင်လယ်ဓားပြတွေရဲ့ ဖမ်းဆီးခံရတဲ့အထိရှိတယ်။**

ပိုမိုအဆင့်အတန်းမြင့်တဲ့ နိုင်ငံတကာမူဘောင်အတွင်းနဲ့ ဒေသတွင်းနဲ့နိုင်ငံအဆင့်တွေမှာ သင်္ဘောသားတွေရဲ့အခွင့်အရေးတွေ တိုးတက်ဖွံ့ဖြိုးရေးဆောင်ရွက်ဖို့ ITF Seafarers' Trust နဲ့ SRI ကိုဖွဲ့စည်းခဲ့ပုံကိုပြောပြရရင် အရမ်းရှုပ်ထွေးတယ်။ ကျွန်တော်တို့ရဲ့ သုသေတနပြုလုပ်မှုအရ မြန်ဆန်စွာပြောင်းလဲနေတဲ့ ရေကြောင်းလုပ်ငန်းအတွင်းမှာ သင်္ဘောသားတွေရဲ့ အခွင့်အရေးတွေ တိုးတက်မြင့်မားလာအောင်လုပ်ဖို့ အရေးတကြီးဆောင်ရွက်ရမယ့်ကိစ္စတွေရှိပါတယ်။ အရေးပါတဲ့ကဏ္ဍတစ်ခုကတော့ အသိပညာပေးလှုပ်ရှားမှုတွေဖြစ်ပြီး ရည်ရွယ်ချက်တူအခြား အဖွဲ့အစည်းတွေနဲ့သင်္ဘောသား အခွင့်အရေးနဲ့ ရေကြောင်းလုပ်ငန်း ပိုမိုတိုးတက်ရေး ရေကြောင်းလုပ်ငန်းအတွင်းက စည်းမျဉ်းစည်းကမ်း၊ ဥပဒေနဲ့နိုင်ငံရေးနည်းဗျူဟာတွေမှာ ပြောင်းလဲတိုးတက်လာစေဖို့အတွက် ရည်ရွယ်ဆောင်ရွက်နေကြပါတယ်။

ကျွန်တော်တို့ရဲ့ ပထမဆုံးဆောင်ရွက်မယ့် စီမံကိန်းတွေထဲကတစ်ခုကတော့ရာဇဝတ်သားအဖြစ် ဖမ်းဆီးခံရခြင်းနဲ့ပတ်သက်ပါတယ်။ ၂၀၁၁–၂၀၁၂ခုနှစ်မှာ အရေးပါတဲ့ စစ်တမ်းတစ်ခုကို ပြုလုပ်ခဲ့တယ်။ စစ်တမ်းအရသင်္ဘောသား ၃၄၈၀ ဦးမှာ အများစုကရာဇဝတ်သ ားအဖြစ် ဖမ်းဆီးခံရမှာကို စိုးရိမ်ကြောင်းဖြေကြတယ်။ ကျွန်တော်တို့တွေ့ရှိခဲ့တဲ့ အချက်အလက်တွေကိုထုတ်ဝေခဲ့ပြီး (IMO) ကို တင်ပြခဲ့တယ်။ သင်္ဘောသားတွေကို ရာဇဝတ်သားအဖြစ်ဖမ်းဆီးခံရခြင်းကနေ အကာအကွယ်ပေးမယ့် သင်္ဘောသားအခွင့်အရေးတွေကိုနိုင်ငံအဆင့်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေပါပြီ။ အကယ်၍ ရာဇဝတ်ပြစ်မှုတွေနဲ့ တွေ့ကြုံလာခဲ့ရင် ဘယ်လိုအကောင်းဆုံး တုံ့ပြန်ဖြေရှင်းနိုင်မလဲဆိုတာနဲ့ပတ်သက်ပြီး သင်္ဘောသားတွေကိုပညာပေးဖို့နဲ့ သတိပြုနိုင်ဖို့အတွက် ရည်ရွယ်ပြီး ရုပ်ရှင်ကားတစ်ကားကိုထုတ်လုပ်ခဲ့တယ်။

ကျွန်တော်တို့ရဲ့ အွန်လိုင်းရင်းမြစ်တွေဖြစ်တဲ့ SRI website၊ legal database နဲ့ app တွေမှာသင်္ဘောသားတွေ၊ သင်္ဘောသားကိုယ်စားလှယ်တွေ၊ ကျောင်းသားတွေနဲ့ သင်္ဘောသားတွေကို ကူညီထောက်ပံ့နေသူတွေအတွက် အရေးပါတဲ့သတင်းအချက်အလက်များစွာရှိပါတယ်။ အဲဒီထဲမှာစာအုပ်တွေ မဂ္ဂဇင်းတွေ၊ ဥပဒေရေးရာလမ်းညွှန်ချက်တွေ၊ အချက်လက်ဖိုင်တွေ၊ ပညာပေးခြင်းတို့အပြင် အရေးကြီးအကြောင်းအရာတွေဖြစ်တဲ့ စွန့်ပစ်ခံရမှု၊ ရာဇဝတ်မှုဥပဒေ၊ သေဆုံးမှုနဲ့ထိခိုက်ဒဏ်ရာရမှုတွေ၊ လူ့အခွင့်အရေးနဲ့ MLC 2006 သုသေတနပြုလုပ်ချက်တွေပါဝင်ပါတယ်။ ဒီအချက်အလက်တွေကို သင်္ဘောသားတွေနဲ့ သင်္ဘောသားကိုယ်စားလှယ်တွေ အချိန်မရွေးသိချင်တဲ့အခါ အသုံးပြုနိုင်ဖို့ ကျွန်တော်တို့ ကြိုးစားဆောင်ရွက်နေပါတယ်။

ဥပဒေရေးရာနဲ့ပတ်သက်တဲ့ အကူအညီတွေလိုအပ်မယ်ဆိုရင် ကျွန်တော်တို့ရဲ့ app ကို အသုံးပြုပြီးသင်္ဘောသား အခွင့်အရေးတွေနဲ့ပတ်သက်ပြီး ကျွမ်းကျင်မှုရှိလှတဲ့ ကမ္ဘာတစ်ဝန်းက ရှေ့နေတွေနဲ့ဖွဲ့စည်းထားတဲ့ SRI ရဲ့ ရှေ့နေကွန်ရက်ကို ရှာကြည့်နိုင်ပါတယ်။

မကြာသေးခင်ကမှ ပြုလုပ်ထားတဲ့ ကျွန်တော်တို့ စီမံကိန်းတွေထဲက တစ်ခုကတော့ ၂၀၁၅ ခုနှစ်မှာ ထုတ်ဝေခဲ့တဲ့ စာအုပ်အသစ်ဖြစ်ပြီး ၂၁ ရာစုအတွင်းမှာ ငါးဖမ်းသမားတွေရဲ့ အတိဒုက္ခတွေကို အဓိကဦးတည်ပြီးခိုးမှု၊ လုယက်မှုနဲ့ ပင်လယ်ပြင်အတွင်း အကြမ်းဖက်မှုတွေကိုရေးသားထားပါတယ်။

ပင်လယ်ပြင်က လုပ်သားတွေအတွက် လုပ်ငန်းခွင် အဆင့်အတန်းမြင့်မားလာဖို့အတွက် ဒီစီမံကိန်းနဲ့အခြားအရေးကြီးတဲ့ ကိစ္စတွေကို ၂၀၁၆ ခုနှစ်အတွင်းမှာ ဆက်လက်လုပ်ဆောင်သွားမှာပါ။

SRI ရဲ့ ဝက်ဘ်ဆိုဒ်၊ legal database နဲ့ ရှေ့နေကွန်ရက်တို့ကို ဝင်ရောက်ကြည့်ရှုဖို့နဲ့ SRI app ကို download ယူဖို့အတွက် www.seafarersrights.org ကို ဝင်ရောက်လေ့လာလိုက်နိုင်ပါတယ်။

# သင်္ဘောသားတွေ ကျန်းမာပျော်ရွှင်စွာ အလုပ်လုပ်နိုင်ရေး အလေးပေး




## ကျန်းမာရေးအထောက်အပံ့တွေ ပိုမိုကျယ်ပြန့်စွာလုပ်ဆောင်ပေး ဖို့ သင်္ဘောသားတွေတောင်းဆို

**ITF စစ်တမ်းအသစ်တစ်ရပ်အရ သင်္ဘောသားတွေဟာ သမဂ္ဂရဲ့ HIV နဲ့ AIDS ဆိုင်ရာဆောင်ရွက်ချက်တွေအပြင် သူတို့ရဲ့ကျန်းမာရေးနဲ့ ကျန်းမာပျော်ရွှင်တဲ့ဘဝ ပိုင်ဆိုင်ရေးအတွက်လည်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးစေချင်တယ်ဆို တာကို တွေ့ရှိခဲ့ပါတယ်။ တွေ့ရှိချက်တွေထဲက တချို့ကို ITF global HIV/ AIDS နဲ့ Wellbeing programme co-ordinator ဖြစ်သူ ဒေါက်တာ Asif Altaf က ခုလို ပြောပြထားပါတယ်။**

**သာမန်လူထုထက်စာရင် သင်္ဘောသားတွေ HIV ဖြစ်ပွားနှုန်းက တစ်ခါတစ်ရံမှာပိုများ နေတတ်တယ်။ သူတို့က အိမ်နဲ့ဝေးရာမှာ အချိန်အကြာကြီးနေကြရတယ်။ တစ်ခါ တစ်လေ လိင်လုပ်သားတွေအများအပြားရှိ တဲ့ ဆိပ်ကမ်းနေရာတွေကိုလည်းရောက် တယ်။ အဲဒီမှာ ကျန်းမာရေးနဲ့ဆိုင်တဲ့ သတင်းအချက်အလက်တွေ၊ ကျန်းမာရေး ဝန်ဆောင်မှုတွေလည်းရနိုင်ဖို့ ခက်ကောင်း ခက်လိမ့်မယ်။ ယေဘုယျအားဖြင့်တော့ HIV ရောဂါဘယ်လိုကူးစက်တယ်၊ ရောဂါ မကူးဆက်အောင်ဘယ် လိုရှောင်ကျဉ်သင့် တယ်ဆိုတာတွေနဲ့ပတ်သက်ပြီး သူတို့မှာ လည်း အသိပညာနည်းနေပါသေးတယ်။**

သင်္ဘောသားတွေ အဓိကသွားရောက်ရတဲ့ နိုင်ငံတွေအားလုံးမှာ HIV/AIDS နဲ့ပတ်သက် တဲ့အသိပညာပေးမှုတွေကို လုပ်ဆောင်သွား ဖို့ ITF ရဲ့ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ဆောင်ရွက်မှု တစ်စိတ်တစ်ဒေသအနေနဲ့ ကျွန်တော်တို့က သင်္ဘောသားတွေရဲ့လိုအပ် ချက်တွေနဲ့ စိုးရိမ်ဖွယ်ကိစ္စတွေကို သုတေ သနပြုလုပ်ခဲ့တယ်။ ပထမဆုံးအနေနဲ့ ယေဘုယျကျန်းမာရေး အခြေအနေနဲ့ပတ် သက်ပြီး မေးခွန်းတွေ မေးမြန်းဖြစ်ခဲ့ပါ တယ်။

စုစုပေါင်း ၈၀၆ ယောက်ရဲ့တုံ့ပြန်ချက် တွေရခဲ့တဲ့အတွက် ကျေနပ်စရာပါ။ အမျိုး သမီး ၄၆ ယောက်ပါပါတယ်။ ၆၁၅ ယောက်မှာ ရွေးချယ်ထားတဲ့အိန္ဒိယ၊

ဆက်ရန် >

## ကျန်းမာရေးအထောက်အပံ့တွေ ပိုမိုကျယ်ပြန့်စွာလုပ်ဆောင်ပေးဖို့ သင်္ဘောသားတွေတောင်းဆို *အဆက် >*

Madagascar၊ ဖိလစ်ပိုင်နဲ့ယူကရိန်း စတဲ့နိုင်ငံတွေက သင်္ဘောအရာရှိနဲ့အရာရှိမဟုတ်သူတွေဖြစ်ပြီးကျန် ၁၉၁ ယောက်က ITF ကွန်ယက်က သင်္ဘောသားတွေပါ။ ဒါ့အပြင် ဒေသအားလုံးကနိုင်ငံပေါင်း ၃၀ မှာရှိတဲ့သမဂ္ဂ ၃၄ ခုဟာ သီးခြားစစ်တမ်းတစ်ရပ်ကိုလည်းဖြေကြားခဲ့ကြတယ်။ သူတို့ က သူတို့အဖွဲ့ဝင်တွေရဲ့ကျန်းမာရေး၊ ဝန်ဆောင်မှုတွေရရှိမှုနဲ့ရင်ဆိုင်ရနိုင်တဲ့ အန္တရာယ်တွေနဲ့ပတ်သက်ပြီး တော်တော်လေး စိုးရိမ်ပူပန်ကြောင်းပြောပါတယ်။

စစ်တမ်းအရ HIV နဲ့ပတ်သက်ပြီး လူတော်တော်များများရဲ့စိုးရိမ်ပူပန်မှုတွေ၊ HIV အန္တရာယ်နဲ့ပတ်သက်ပြီးမှန်ကန်တဲ့ သတင်းအချက်အလက်တွေပိုမိုရရှိနိုင်ဖို့လိုအပ်တာ တွေကိုပြသနေတယ်။ ဥပမာအနေနဲ့ သင်္ဘောသားတစ်ယောက်ဟာအလုပ်အတွက် ဘယ်လောက်အသုံးဝင်တဲ့သူပဲဖြစ်ဖြစ် သူ့မှာ HIV ပိုးရှိတယ်ဆိုရင် တချို့နိုင်ငံကသင်္ဘောသား တော်တော်များများက အဲဒီလူနဲ့အလုပ်အတူလုပ်ဖို့ကြောက်ရွံ့တတ်ကြတယ်။ သမဂ္ဂတွေ၊ ကျန်းမာရေးအဖွဲ့အစည်းတွေနဲ့ အစိုးရတွေက ဆယ်စုနှစ်သုံးခုကျော်ကျော် ပညာပေးအလုပ်တွေလုပ်လာပေမဲ့လည်း HIV/AID နဲ့ပတ်သက်တဲ့ ယုံမှားမှုတွေက ရှိမြဲရှိနေတုန်းပါ။ ဥပမာအနေနဲ့ ဖိလစ်ပိုင်နိုင်ငံဆိုရင် သင်္ဘောသားအလုပ်လုပ်သူတွေများပေမဲ့ ဖိလစ်ပိုင်က စစ်တမ်းဖြေကြားသူ ၄၁ ရာခိုင်နှုန်းက AIDS ဆိုတာ ကုသလို့ရနိုင်တဲ့ရောဂါလို့ဆိုကြပြီး ၄၆ ရာခိုင်နှုန်းကတော့ အစားအသောက်တွေကတစ်ဆင့် ကူးစက်နိုင်တယ်လို့ ယုံကြည်နေကြတယ်။

ကွန်ဒုံးအသုံးပြုမှုနဲ့ပတ်သက်ပြီး အယူအဆတွေ အမျိုးမျိုးကွဲပြားနေတာကိုလည်းတွေ့ခဲ့ရတယ်။ ဖိလစ်ပိုင်မှာဆိုရင် ၇၂ ရာခိုင်နှုန်းက ကွန်ဒုံးသုံးတာဟာ လက်တွေ့အကျိုးသက်ရောက်မှုရှိတယ်လို့လက်ခံကြပေမဲ့ အိန္ဒိယ ကတော့ ၁၇ ရာခိုင်နှုန်းပဲရှိပါတယ်။ ဒါပေမဲ့ လိင်ဆက်ဆံဖော်မှာ HIV ဒါမှမဟုတ် လိင်ကတစ်ဆင့်ကူးစက်တဲ့ ရောဂါရှိမရှိ မသေချာဘူးဆိုရင် ကွန်ဒုံးအသုံးပြုသင့်တယ်လို့ သဘောတူလက်ခံတဲ့ရာခိုင်နှုန်းမှာ အိန္ဒိယက ၉၆ ရာခိုင်နှုန်းနဲ့ အများဆုံးဖြစ်နေပါတယ်။

ဒီတွေ့ရှိချက်တွေက တကယ်လက်တွေ့အပြုအမူတွေနဲ့ ဆန့်ကျင်ကွဲလွဲနေတယ်။ ဥပမာ–ပုံမှန်မဟုတ်တဲ့ လိင်ဆက်ဆံဖော်နဲ့ နောက်ဆုံးလိင်ဆက်ဆံခဲ့တဲ့အချိန်တုန်းက ကွန်ဒုံးအသုံးပြုခဲ့တယ်လို့ပြောတဲ့ ဖိလစ်ပိုင်သင်္ဘောသားက ၄၁ ရာခိုင်နှုန်းပဲရှိပြီး အိန္ဒိယသင်္ဘောသားကတော့ ၈၈ ရာခိုင်နှုန်းပါ။

ကျန်းမာရေး၊ HIV ရောဂါ စတာတွေနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်အများစုကို သတင်းစာတွေ၊ မဂ္ဂဇင်းတွေနဲ့ ရုပ်မြင်သံကြားတွေကနေ တစ်ဆင့်သိရှိရဖွယ်ရှိပါတယ်။ ဒါပေမဲ့ အထူးသဖြင့် ယူကရိန်းနဲ့ အိန္ဒိယနိုင်ငံတွေမှာဆို သမဂ္ဂတွေကတစ်ဆင့်၊ နောက်ပြီး ဖိလစ်ပိုင်နိုင်ငံမှာဆိုရင် သင်္ဘောသားစင်တာတွေက တစ်ဆင့်လည်းသိလာရတယ်။

သင်္ဘောသားတော်တော်များများဟာ သူတို့ရဲ့ ကိုယ်အလေးချိန်၊ ကိုယ်လက်လှုပ်ရှားမှုမရှိတာနဲ့ အရက်သောက်ဖြစ်လာတာတွေနဲ့ ပတ်သက်ပြီး ပိုပြီးကျယ်ကျယ်ပြန့်ပြန့် စိုးရိမ်မှုတွေရှိလာကြပါပြီ။

ကိုယ့်အိမ်၊ ကိုယ့်မိသားစုနဲ့ အချိန်အကြာကြီးခွဲခွာနေရတာဟာ ပြဿနာတစ်ရပ်ဖြစ်တယ်လို့ ဖြေကြားသူအများစုက ပြောပါတယ်။ သင်္ဘောသားတော်တော်များများကတော့ သူတို့ဟာ သင်္ဘောပေါ်မှာမကြာခဏ ဒါမှမဟုတ် တစ်ခါတစ်လေစိုးရိမ်သောက တွေခံစားရတယ်၊ စိတ်ကျတာမျိုးတွေ ဖြစ်တယ်လို့ဆိုပါတယ်။ သင်္ဘောသားအလုပ်လုပ်ကိုင်သူများတဲ့ နိုင်ငံတစ်နိုင်ငံမှာကောက်ယူရရှိတဲ့ စစ်တမ်းတွေအရဆိုရင် ၇၅ ရာခိုင်နှုန်းသော ဖြေကြားသူတွေက သူတို့မှာ စိတ်ကျဝေဒနာခံစားနေရတဲ့ လုပ်ဖော်ကိုင်ဖက်တွေ ရှိနေတယ်လို့ပြောပါတယ်။ နောက်ပြီး စိုးရိမ်ထိတ်လန့်ဖွယ်ကောင်းတာက နိုင်ငံပေါ်အခြေခံပြီး ၆ ရာခိုင် နှုန်းကနေ ၄၁ ရာခိုင်နှုန်းရှိတဲ့ သင်္ဘောသားတွေက သူတို့မှာ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံနိုင်ဖွယ်ရှိတဲ့ လုပ်ဖော်ကိုင်ဖက်မိတ်ဆွေတွေရှိနေတယ်လို့ ဖြေကြားခဲ့တယ်။

HIV ကြောင့် ခွဲခြားခံရတာအပါအဝင် အရေးကြီးတဲ့အကြောင်းအရာတွေဖြစ်တဲ့ စိတ်ကျဝေဒနာနဲ့ အဝလွန်တာလိုမျိုး ကိစ္စရပ်တွေကိုဖြေရှင်းဖို့အတွက် ပူးပေါင်းဆောင်ရွက်မှုတွေမှာအထောက်အကူဖြစ်စေဖို့စီမံထားတဲ့ ပြီးပြည့်စုံတဲ့ပရိုဂရမ်တစ်ခုဖြစ်တဲ့ HIV/AIDS ကျန်းမာရေးနဲ့ကျန်းမာပျော်ရွှင်ရေးပရိုဂရမ်ကို ITF က အခုအခါ စတင်တော့မှာဖြစ်ပါတယ်။

ဥပမာအနေနဲ့ အဆင့်မြင့်အတိုင်ပင်ခံပုဂ္ဂိုလ်တွေ၊ သင်ကြားပြသပေးသူတွေရဲ့အတွေးအခေါ်ခံယူချက်တွေကို သင်္ဘောသားတော်တော်များများက နှစ်သက်သဘောကျကြတဲ့အလျောက် စိတ်ဝင်စားတဲ့ သင်္ဘောသားတွေအတွက် သင်္ဘောပေါ်မတက်ခင် လေ့ကျင့်သင်တန်းပေးတဲ့အစီအစဉ် တစ်ရပ်ကိုပြုလုပ်ပေးဖို့ဆိုတာမျိုးဖြစ်ပါတယ်။ ■

## သင်္ဘောပေါ်တွင် အနိုင်ကျင့်မှုပပျောက်ရေး

**ITF နဲ့ နိုင်ငံတကာသင်္ဘောဖြင့်ကုန်စည်တင်ပို့သူများအသင်း (ICS) ဟာ သင်္ဘောပေါ်မှာ အနှောင့်အယှက်ပေးခြင်းနဲ့ အနိုင်ကျင့်ခြင်းလို အပြုအမူမျိုးတွေအကြောင်းတိုင်ကြားလာတဲ့ သင်္ဘောသားတွေကို အကူအညီပေးတဲ့အနေနဲ့ အဲဒီလိုအပြုအမူတွေ အဆုံးသတ်သွားစေမယ့် လမ်းညွှန်ချက်တစ်ရပ်ကို ပြဌာန်းပေးခဲ့ပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီး ICS အလုပ်အကိုင်ရေးရာညွှန်ကြားရေးမှူး Natalie Shaw က ခုလိုရှင်းပြထားပါတယ်။**




**တကယ်လို့ သင်ကိုယ်တိုင် ဒါမှမဟုတ် သင့်ရဲ့ လုပ်ဖော်ကိုင်ဖက် တစ်ယောက်ယောက်ဟာ သင်္ဘောပေါ်မှာစိတ်အနှောင့် အယှက်အပေးခံရတာတို့၊ အနိုင်ကျင့်ခံရ တာတို့ကြုံလာခဲ့မယ်ဆိုရင် သင်္ဘောသားတွေရဲ့ရုပ်ပိုင်းဆိုင်ရာနဲ့ စိတ်ခံစားမှု ပိုင်းဆိုင်ရာကျန်းမာရေးအတွက် စိုးရိမ်ရတဲ့အကျိုးဆက်တွေ ရှိလာနိုင်တယ်ဆိုတာကို အပြည့်အဝသတိထားမိမှာပါ။ ဒီလိုအနေအထားတွေကြောင့် သင်္ဘောသားတွေရဲ့ အလုပ်လုပ်ကိုင်လိုစိတ်ကျဆင်းသွားတာတို့၊ ခဏခဏနေမကောင်းဖြစ်တာတို့တွေဖြစ်လာနိုင်ပြီး သင်္ဘောတစ်ခုလုံးပေါ်က သူတွေအားလုံးရဲ့လုပ်ငန်းဆောင်ရွက်ချက်မှာ ဆိုးကျိုးဖြစ်စေနိုင်ပါတယ်။**

နောက်ထပ် အကျိုးဆက်အနေနဲ့ကတော့ကုမ္ပဏီကိုပါထိခိုက်လာနိုင်တာပါ။ အလုပ်လုပ်ကိုင်တဲ့အနေအထားယိုယွင်းလာတာမျိုးတွေ၊ အဖွဲ့အစည်းဆိုင်ရာအကျိုးဆက်တွေ၊ စီးပွားရေးနဲ့ ဥပဒေပိုင်းဆိုင်ရာအကျိုးဆက်တွေမှာ ယိုယွင်းလာတာမျိုးတွေဖြစ်လာနိုင်ပါတယ်။

ဒါကြောင့် ICS နဲ့ ITF တို့ဟာ ဒီလိုအခြေအနေမျိုးနဲ့ပတ်သက်ပြီး ဘယ်လိုဖြေရှင်းပေးရမလဲဆိုတဲ့လမ်းညွှန်ချက်တွေကို ပူးတွဲချမှတ်ပေးခဲ့တာပါ။ ဒီလိုအခြေအနေမျိုးကြုံရသူပဲဖြစ်ဖြစ်၊ မျက်မြင်အဖြစ်မြင်ရသူပဲဖြစ်ဖြစ် အနိုင်ကျင့်ခွဲခြားဆက်ဆံတာမျိုးနဲ့ပတ်သက်ပြီး ကုမ္ပဏီကိုချက်ချင်းအကြောင်းကြားသင့်တယ်လို့ ဒီလမ်းညွှန်ချက်မှာဖော်ပြထားပါတယ်။ မလိုမုန်းထားတဲ့ရည်ရွယ်ချက်မရှိဘဲ တိုင်ကြားတာမျိုးဆိုရင်တိုင်ကြားတဲ့

**ICS/ITF လမ်းညွှန်ချက်တွေမှာ ကမ္ဘာအနှံ့ သက်ဆိုင်တဲ့အကြောင်းအရာတစ်ခုအနေနဲ့ စိတ်အနှောင့်အယှက်ပေးခြင်းနဲ့ အနိုင်ကျင့်ခြင်းနဲ့ပတ်သက်တဲ့ စည်းမျဉ်းတွေကိုထည့်သွင်းဖော်ပြထားပါတယ်။ ဒီစည်းမျဉ်းတွေကို အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်း (ILO) ရဲ့ ညွှန်ကြားရေးမှူးချုပ်က အတည်ပြု ထောက်ခံပေးထားပါတယ်။ ၂၀၀၆ MLC အရ လုပ်ငန်းခွင် နဲ့ အလုပ်အကိုင်နေရာတွေမှာ ခွဲခြားဆက်ဆံတာမျိုးတွေမရှိအောင်တိုက်ဖျက်တဲ့ အခြေခံအခွင့်အရေးကို လေးစားသောအားဖြင့် ဒီဥပဒေစည်းမျဉ်းတွေကို အဖွဲ့ဝင်နိုင်ငံတိုင်းက ကျေနပ်လက်ခံကြဖို့လိုတယ်လို့ သူက မှတ်ချက်ပေးထားပါတယ်။**

# အဆစ်နာခြင်းနဲ့စိတ်ဖိစီးမှုတို့က အမျိုးသမီးရေကြောင်းအလုပ်သမားတွေအတွက် အကြီးမားဆုံးကျန်းမာရေး ပြဿနာဖြစ်ပါတယ်။

**ဦးဆောင်သမ္မဂနဲ့လူမှုဖူလုံရေးအဖွဲ့အစည်းတွေကပြုလုပ်တဲ့ စစ်တမ်းတစ်ခုအရအမျိုးသမီးရေကြောင်း အလုပ်သမားတွေရဲ့ အကြီးမားဆုံးကျန်းမာရေးပြဿနာနှစ်ခုကတော့ အဆစ်နာခြင်းနဲ့စိတ်ဖိစီးမှုတို့ဖြစ်တယ်လို့ ဆိုပါတယ်။ နိုင်ငံတကာသင်္ဘောသားများ၏ လူမှုဖူလုံရေးနှင့်အကူအညီပေးရေးကွန်ရက် (ISWAN) မှ Caitlin Vaughanu အစီရင်တင်ပြရာမှာ–**

> "ယခုအစီရင်ခံစာတွင် ပင်လယ်ရေကြောင်းလုပ်ငန်းအတွင်းသို့ အမျိုးသမီးများအား ပိုမိုဆွဲဆောင်နိုင်ရန်အတွက် သင်္ဘောပေါ်ရှိ အခြေအနေများကို မည်သို့တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်နိုင်ခြင်းနှင့်ပတ်သက်ပြီး နားလည်မှုတစ်ခု လိုအပ်နေသည်ကို ဖော်ပြနေသည်။ တစ်သီးတစ်သန့်ရှိမှု၊ စိတ်ဖိစီးမှုအပေါ် အာရုံစိုက်ပေးမှု၊ ပိုမိုကောင်းမွန်သော ကျန်းမာရေးသတင်းအချက်အလက်စသည့် အပြောင်းအလဲကို ဖြစ်ပေါ်လာအောင် အထောက်အပံ့ပေးနိုင်သော စရိတ်စကနည်းပြီး အလွယ်တကူပြုလုပ်နိုင်သည့် တိုးတက်မှုများကို စစ်တမ်းတွင် ထောက်ပြထားသည့်အချက်ကို ကျွန်မတို့ အထူးကြိုဆိုပါသည်။"
>
> Jacqueline Smith, ITF maritime co-ordinator

**အဆစ်နှင့်နောက်ကျောနာကျင်ခြင်းနှင့်စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်စိတ်ကြီးခြင်းတို့ဟာ အမျိုးသမီးရေကြောင်းအလုပ်သမားတွေအတွက် အဓိကကျန်းမာရေးဆိုင်ရာ ပြဿနာနှစ်ရပ်ဖြစ်တယ်လို့ ကျွန်မတို့ကောက်ယူခဲ့တဲ့ နိုင်ငံ ၅၄ နိုင်ငံက အမျိုးသမီးရေကြောင်း အလုပ်သမား ၅၉၅ ဦးရဲ့ ဖြေကြားချက်အရ သိရပါတယ်။**

အွန်လိုင်းမှကောက်ယူခဲ့တဲ့ စစ်တမ်းထဲမှာ ဖြေကြားသူထက်ဝက်နီးပါးက အဆစ်နဲ့နောက်ကျောနာကျင်ခြင်းကို ဖော်ပြပေးခဲ့ပြီး ၄၃ ရာခိုင်နှုန်းကတော့ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်စိတ်ကြီးခြင်းတို့ကို ရွေးချယ်ပေးခဲ့ပါတယ်။ ဇိမ်ခံသင်္ဘောတွေပေါ် အလုပ်လုပ်တဲ့ အမျိုးသမီးတွေက အဆစ်နဲ့နောက်ကျောနာကျင်ခြင်းကို အများဆုံးဖော်ပြကြပြီး ဒါဟာမကြာခဏဆိုသလို အကွာအဝေး အဝေးကြီးအထိ လေးလံတဲ့ပစ္စည်းတွေကို သယ်မရတဲ့အလုပ်မျိုးလုပ်ရသူတွေ ဖြေကြားတဲ့ကဏ္ဍက အဆင့်သတ်မှတ်မှုတွေမှာ ပိုမိုမြင့်မားတဲ့အရေအတွက်ကို ထင်ဟပ်မှာပါ။

ဒါပေမဲ့ ဇိမ်ခံသင်္ဘောနဲ့ကုန်တင် (သို့) ရေနံတင်သင်္ဘောကဏ္ဍနှစ်ခုစလုံးက အမျိုးသမီးရေကြောင်းအလုပ်သမားတွေက စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျခြင်းနဲ့စိုးရိမ်စိတ်ကြီးခြင်းတို့ဟာ သူတို့ရဲ့ အဓိကကျန်းမာရေးပြဿနာတွေလို့ ဖြေကြားပါတယ်။ သူတို့ထဲက လေးပုံသုံးပုံက ဒီကျန်းမာရေးပြဿနာတွေဟာ သူတို့အလုပ်နဲ့ဆက်စပ်မှုရှိနေတယ်လို့ ယူဆထားကြပါတယ်။

စစ်တမ်းကောက်ယူခဲ့တဲ့ အမျိုးသမီး ၄၀ ရာခိုင်နှုန်းနီးပါးက သင်္ဘောပေါ်မှာ အမျိုးသမီးလစဉ်သုံးပစ္စည်းတွေ စွန့်ပစ်ရမယ့်နေရာမရှိဘူးလို့ဆိုပါတယ်။ ဒီအချက်က ရေနံတင်သင်္ဘောတွေပေါ်မှာ အလုပ်လုပ်ရသူတွေအတွက်ဆိုရင် ပိုပြီးမှန်ပါတယ်။ အခြားပြဿနာတွေကတော့ ကိုယ်အလေးချိန်နှင့်အဝလွန်ခြင်းနဲ့ ရာသီလာချိန်နာကျင်ကိုက်ခဲမှုတို့ဖြစ်ပါတယ်။

အမျိုးသမီး ရေကြောင်းအလုပ်သမားတွေအတွက် ပင်လယ်ပြင်ထဲမှာ ကျန်းမာရေးစောင့်ရှောက်မှုတွေပြုလုပ်ခွင့်ကို တားဆီးနေတဲ့အကြီးမားဆုံးပြဿနာကတော့ တစ်သီးတစ်သန့်မရှိခြင်းလို့ စစ်တမ်းမှာ ဖော်ပြထားပါတယ်။ ဒီနေရာမှာလည်း ရေနံတင်သင်္ဘောတွေပေါ်မှာ အလုပ်လုပ်သူတွေကြားမှာ ပိုအဖြစ်များတယ်လို့ဆိုပါတယ်။ ဒါပေမဲ့ ထက်ဝက်ကတော့ ပင်လယ်ပြင်မှာဖြစ်ဖြစ် ဆိပ်ကမ်းတွေမှာဖြစ်ဖြစ် ကျန်းမာရေးစောင့်ရှောက်မှုတွေ ပြုလုပ်ရာမှာ အခက်အခဲမရှိဘူးလို့ ယူဆထားကြပါတယ်။

ဖြေကြားသူထက်ဝက်ကျော်ကတော့ ပုံမှန်ကျန်းမာရေးစစ်ဆေးမှုတွေကိုကြိုဆိုကြမှာပါ။ ကမ္ဘာ့သင်္ဘောသားဦးရေ ၁၃သမ၂၅သန်းမှာ ၁ ရာခိုင်နှုန်းကနေ ၂ ရာခိုင်နှုန်းခန့်ဟာ အမျိုးသမီးတွေဖြစ်ကြပြီး သူတို့ဟာသင်္ဘော ၈၇၀၀၀ စင်းခန့်မှာ အလုပ်လုပ်နေကြပါတယ်။ အများစုကတော့ ဇိမ်ခံသင်္ဘောတွေပေါ်မှာ လုပ်နေသူတွေဖြစ်ပါတယ်။ တစ်သီးတစ်သန့်ဖြစ်မှုကို ဆောင်ရွက်ပေးခြင်း၊ စိတ်ဖိစီးမှုများနှင့်ပတ်သက်သော ပြဿနာများအပေါ် ပိုမိုအာရုံစိုက်ပေးခြင်းနှင့် ပိုမိုကောင်းမွန်သော ကျန်းမာရေးသတင်းအချက်အလက်များကို ထောက်ပံ့ပေးခြင်းကဲ့သို့ လုပ်ငန်းခွင်အတွင်း တိုးတက်ပြောင်းလဲမှုတွေကို အလွယ်တကူဆောင်ရွက်ပေးနိုင်တယ်ဆိုတာကို ယခုစစ်တမ်းက ဖော်ပြပေးနေပါတယ်။

စစ်တမ်းအစီရင်ခံစာကို ရေးသားခဲ့သူတွေက လိုအပ်ချက်တွေကို ဒီထက်ပိုပြီးသိရှိနိုင်ဖို့အတွက်ကျယ်ပြန့်တဲ့ ဆွေးနွေးတိုင်ပင်မှုတွေပြုလုပ်ဖို့အဆိုပြုထားပြီး နားလည်လွယ်ပြီး စရိတ်စကသက်သာတဲ့တုံ့ပြန်မှုအချို့ကိုလည်းပြုလုပ်ပေးဖို့တောင်းဆို ထားပါတယ်။ အဆစ်နှင့်နောက်ကျောနာကျင်ခြင်း၊ စိတ်ပိုင်းဆိုင်ရာပြဿနာ၊ အာဟာရပြည့်ဝမှုနဲ့ သားဖွားမီးယပ်ဆိုင်ရာ ပြဿနာများနဲ့ပတ်သက်ပြီး အမျိုးသမီးရေကြောင်းအလုပ်သမားတွေအတွက် တိကျတဲ့သတင်းအချက်များကိုပြုလုပ်ပေးခြင်း၊ အမျိုးသမီးရေကြောင်းအလုပ်သမားများ အလုပ်လုပ်သောသင်္ဘောအားလုံးပေါ်တွင် အမျိုးသမီးလစဉ်သုံးပစ္စည်းများစွန့်ပစ်ရမည့် နေရာများကိုထားရှိပေးခြင်းနှင့် သင်္ဘောပေါ်နှင့်ကမ္ဘာ့အရပ်ရပ်ရှိဆိပ်ကမ်းများမှ ဈေးဆိုင်များတွင် အမျိုးသမီးလစဉ်သုံး ထုတ်ကုန်များကို ယခုထက်ပိုမိုရရှိနိုင်အောင် ဆောင်ရွက်ပေးခြင်းတို့ကို အကြံပြုချက်တွေထဲမှာ ဖော်ပြထားပါတယ်။

ယခုအစီရင်ခံစာကို ITF၊ ISWAN၊ နိုင်ငံတကာ ရေကြောင်းကျန်းမာရေးအသင်း (IMHA) နဲ့ သင်္ဘောသားများဆေးရုံ လူ့အဖွဲ့အစည်း (SHS) တို့က ပူးပေါင်းဆောင်ရွက်တဲ့ အမျိုးသမီးရေကြောင်းအလုပ်သမားများ၏ ကျန်းမာရေးနှင့်လူမှုဖူလုံရေးစစ်တမ်းအပေါ်မှာ အခြေခံပြီးရေးသားထားတာဖြစ်ပါတယ်။

ITF Seafarers' Bulletin ၂၀၁၆

www.itfglobal.org/media/1152793/women-seafarers-health-and-welfare-survey-.pdf သို့ ဝင်ရောက်ပြီး စစ်တမ်းအစီရင်ခံစာကို ဖတ်ရှုခြင်း (သို့) ဒေါင်းလုပ်ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်နိုင်ပါတယ်။ ■

သင်္ဘောသားတွေကို အားပေးကူညီပေးမှာဖြစ်ပါတယ်။ စိတ်အနှောင့်အယှက်ပေးခြင်းနဲ့ အနိုင်ကျင့်ခြင်းတွေကို ပုံစံအမျိုးမျိုးတွေ့နိုင်ပါတယ်။ နှုတ်နဲ့ရန်စောင်စော်ကားပြောဆိုတာ၊ နှိပ်စက်တာ၊ ဆိုင်ဘာကနေအနိုင်ကျင့်တာနဲ့ လိင်အရခွဲခြားဆက်ဆံတာတွေဟာ ဒဏ်ရာအနာတရဖြစ်စေနိုင်တဲ့ ကိုယ်ထိလက်ရောက် ရန်စစော်ကားမှုတွေကြောင့်ဖြစ်ရတဲ့ အနေအထားမျိုးအထိ ထိခိုက်နစ်နာမှုဖြစ်စေနိုင်ပါတယ်။ ရန်စောင်စော်ကားလိုတဲ့သူတစ်ယောက်ယောက်ဟာ ကိုယ်အမူအရာနဲ့ဖြစ်ဖြစ်၊ ခြိမ်းခြောက်တာမျိုး၊ အထင်သေးဟန်ပြတာမျိုး၊ အဖက်မတန် သလိုလုပ်တာမျိုးစတဲ့ပုံစံအမျိုးမျိုးနဲ့ တစ်ဖက်သားကိုနှုတ်နဲ့ရန်စစော်ကားတာမျိုး လုပ်ကောင်းလုပ်နိုင်ပါတယ်။ ကိုယ်ထိလက်ရောက် ရန်စစော်ကားတာမျိုးကြောင့်ဖြစ်ပေါ်ရတဲ့ အနေအထားတွေကို ဖော်ပြရတာလွယ်ပါတယ်။ ပွန်းပဲ့ဒဏ်ရာတွေ၊ ပြတ်ရှရာတွေနဲ့ ကိုယ်ခန္ဓာပြင်ပက တခြားဒဏ်ရာအနာတရတွေပါ။ ဒါပေမဲ့ စိတ်ခံစားမှုပိုင်းဆိုင်ရာအနာတရတွေကို ဖော်ပြဖို့ကတော့ခက်ခဲပါတယ်။ အနိုင်ကျင့်သူက သူမလုပ်ပါဘူးလို့ ငြင်းတာတို့ မမှန်မကန်ပြောတာတို့ လုပ်ကောင်းလုပ်နိုင်ပါတယ်။ သီးသန့်စီဖြစ်နေတာ၊ သင်္ဘောအခန်းတွေရဲ့အရွယ်အစားနဲ့ အခန်းချင်းနီးကပ်မှု၊ အနားယူချိန်အတွင်းမှာလည်း လုပ်ငန်းခွင်အတွင်းမှာပဲ ဆက်ပြီးနေနေရဖို့လိုအပ်တာမျိုးစတာတွေရှိတာကြောင့် သင်္ဘောကိုကိုယ့်အိမ်လို ရက်သတ္တပတ်တချို့ ဒါမှမဟုတ် လအနည်းငယ်တိုင်နေရတဲ့အခါမျိုးမှာ စိတ်အနှောင့်အယှက်ပေးခြင်းနဲ့ အနိုင်ကျင့်ခြင်းဟာသင်္ဘောပေါ်က နေထိုင်ရေးနဲ့လုပ်ငန်းခွင်အနေအထားအရ စိုးရိမ်စရာကောင်းနိုင်ပါတယ်။

သင်္ဘောပေါ်ရှိ စိတ်အနှောင့်အယှက်ပေးခြင်းနဲ့ အနိုင်ကျင့်ခံရခြင်းပပျောက်ရေးနဲ့ ပတ်သတ်တဲ့ လမ်းညွှန်ချက်တွေကို www.itfglobal.org/media/1279810/harassment-guide.pdf မှာ ဖတ်ရှုလေ့လာနိုင်ပါတယ်။ ■




# သင်္ဘောပေါ်ရှိ ကျန်းမာရေးနှင့်ဘေးကင်း ရေးကော်မတီများ

အင်္ဂလန်နိုင်ငံတောင်ပိုင်းက **ITF စစ်ဆေးရေးမှူး Darren Procter** က သင်္ဘောပေါ်ရှိ သင်္ဘောသားများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရေးကော်မတီတွေရဲ့ အရေးပါပုံနဲ့ပတ်သက်ပြီး သူ့ရဲ့ နှစ် ၂၀ကြာ ပင်လယ်ပြင်အတွေ့အကြုံနဲ့ယှဉ်ပြီး သူ့အမြင်တွေကို မျှဝေထားပါတယ်။

**ပင်လယ်ကူးသင်္ဘောသားဘဝဟာ အန္တရာယ်တွေနဲ့ရင်ဆိုင်နေရမှန်း ကျွန်တော်တို့အားလုံးသိကြပါတယ်။ ပင်လယ်ရေကြောင်းလုပ်ငန်းနယ်ပယ်မှာကြုံတွေ့နေရတဲ့ ရုပ်ပိုင်းဆိုင်ရာ၊ စက်ပစ္စည်းကိရိယာပုံစံ၊ ဓာတုဗေဒဆိုင်ရာ၊ ဇီဝဗေဒဆိုင်ရာ၊ စိတ်ဓာတ်ရေးရာနဲ့ လူမှုရေးအခြေခံလိုအပ်ချက်တွေဟာ လုပ်ငန်းခွင် မတော်တဆဖြစ်မှုတွေ၊ ထိခိုက်ဒဏ်ရာရမှုတွေနဲ့ ရောဂါဘယတွေကို ဖြစ်ပွားစေနိုင်ပါတယ်။**

သင်္ဘောသားတွေဟာ ထူးခြားတဲ့သူတွေဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အလုပ်ခွင်ဟာ ကျွန်တော်တို့အိမ်လည်းဖြစ်ပါတယ်။
ဒါကြောင့် ကျွန်တော်တို့ဟာ လုပ်ငန်းခွင်အခြေအနေမျိုးစုံနဲ့ ရင်ဆိုင်ကြရပါတယ်။ အထီးကျန်မှု၊ နာရီပေါင်းများစွာလုပ်ကိုင်ရခြင်း စိတ်ဖိစီးမှုဒဏ်နဲ့မောပန်းမှုတွေကို ပြင်းပြင်းထန်ထန်တွေ့ကြုံခံစားရင်း ဘဝကိုကြံ့ကြံ့ခံနေကြရပါတယ်။ ဒါပေမဲ့ ယေဘုယျအားဖြင့် ကျွန်တော်တို့ဟာ အလုပ်ခွင်အန္တရာယ်ရှိသူများအကြောင်းကိုတိုင်တန်းမိပါက ကျွန်တော်တို့နေရာမှာ တခြားသူရောက်လာမှာ ဒါမှမဟုတ် နာမည်ပျက်စာရင်းအသွင်းခံရမှာကို စိုးရိမ်ကြရပါတယ်။
ပင်လယ်ရေကြောင်းလုပ်သားများ သဘောတူစာချုပ် (MLC) ကို စတင်ကျင့်သုံးဖို့ ပြဌာန်းလိုက်တာကို ပင်လယ်ကူးသင်္ဘောသားအများစုက ဝမ်းပန်းတသာကြိုဆိုထောက်ခံကြပေမယ့်လည်း ကျွန်တော် စစ်ဆေးခဲ့တဲ့သင်္ဘောအများစုပေါ်မှာ အဲဒီပြဌာန်းချက်တွေကို မျက်ကန်းတစ္ဆေမကြောက် မသိကျိုးကျွန်ပြုထားတာကို ကျွန်တော်မြင်တွေ့နေရဆဲပါ။ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရေးကော်မတီတွေဟာ စံလိုအပ်ချက်တစ်ရပ်ဖြစ်ပြီးသင်္ဘောအစင်းတိုင်းပေါ်မှာ အဖွဲ့ဝင်တွေအဖြစ်သင်္ဘောသား ၅ ဦး ဒါမှမဟုတ် ၅ ဦးထက် ပိုမိုပါဝင်ဖွဲ့စည်းရမှာပါ။ ဒါပေမဲ့ ဒီလိုအဖွဲ့မျိုးတွေကို သင်္ဘောတော်တော်များများပေါ်မှာ ထိထိရောက်ရောက်မဖွဲ့စည်းရသေးပါဘူး။ သင်္ဘောသားတွေလုပ်ဆောင်ရတဲ့ လုပ်ငန်းတာဝန်တွေကလည်း ပိုများလာတာကြောင့် ကျန်းမာရေးနဲ့ ဘေးကင်းရေးကိစ္စနဲ့ပတ်သက်ပြီး သင်္ဘောသားတွေဟာ စတိသဘောလောက်အနည်းအကျဉ်းလောက်ပဲ ပါဝင်လုပ်ဆောင်နိုင်ကြပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကုမ္ပဏီဖက်ကတင်ပြတဲ့ သတင်းအချက်အလက်ဆိုတာကလည်း မရှိသလောက်ပါပဲ။
သင်္ဘောပေါ်က ကျန်းမာရေးနဲ့ဘေးအန္တရာယ်ကင်းရှင်းရေးကော်မတီတွေရဲ့ တာဝန်ဟာ သင်္ဘောသားတွေအချင်းချင်း ဘေးအန္တရာယ်ကင်းရှင်းရေးအသိပညာပေးတာ၊ သင်္ဘောပေါ်မှာ ဘေးအန္တရာယ်ဖြစ်နိုင်ချေကို အကဲဖြတ်တာနဲ့ပင်လယ်တွင်းနဲ့ ဆိပ်ကမ်းကပ်နေစဉ်အချိန်မှာ ဘေးအန္တရာယ်ကင်းရှင်းရေး အစီအမံတစ်ရပ်ထားရှိရေးစတာတွေကို သင်္ဘောပေါ်ကသင်္ဘောသားတွေအတူတကွ ပူးပေါင်းဆောင်ရွက်တတ်လာအောင် ကြတ်မတ်တာတို့ ဖြစ်ပါတယ်။
သင်္ဘောပေါ်တွင် ဘေးအန္တရာယ်ကင်းရှင်းရေးကော်မတီတစ်ရပ်ဖွဲ့ထားမယ်ဆိုရင် သင်္ဘောအားလုံးမှာမဟုတ်ဘဲ သင်္ဘောအများစုပေါ်က သင်္ဘောသားအားလုံးအတွက် အကျိုးရှိပြီးတိုးတက်မှုရှိလာမှာဖြစ်ပါတယ်။ ထမင်းချက်ဖြစ်ဖြစ်၊ ကပ္ပတိန်ဖြစ်ဖြစ် သင်္ဘောမှာရှိတဲ့သူတွေအားလုံးရဲ့ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ သက်သာချောင်ချိရေးတွေမှာ စိတ်ပါဝင်စားစွာနဲ့ ပါဝင်ဆောင်ရွက်ပေးခြင်းဟာ ကိုယ်တိုင်အတွက်နဲ့ နောက်တော့ သင်္ဘောတက်လာမယ့် သင်္ဘောသားတိုင်းအတွက် ကာကွယ်စောင့်ရှောက်မှုကို အများဆုံးခံစားခွင့်ရစေမယ့် အကျိုးသက်ရောက်မှုတစ်ရပ်ကို ရရှိစေမှာဖြစ်ပါတယ်။
ဒီမှာဖော်ပြထားတဲ့ အကောင်းဆုံးလေ့ကျင့်မှုအစီအစဉ်တွေကို လေ့လာကြည့်လိုက်ပါ။ ဒါမျိုးတွေကို သင်တို့အလုပ်လုပ်နေတဲ့သင်္ဘောပေါ်မှာဖြစ်နေသလား၊ တကယ်လို့မဖြစ်သေးဘူးဆိုရင် ဖြစ်အောင်လုပ်ဖို့လိုပါတယ်။ ပင်လယ်ရေကြောင်းသွားလာရေးလုပ်ငန်းမှာပါဝင်နေသူမှန်သမျှကျန်းမာရေးနဲ့ ဘေးအန္တရာယ်ကင်းရှင်းရေး အခြေအနေတိုးတက်ကောင်းမွန်ရေးနဲ့ အကောင်အထည်ပေါ်ရေးအတွက် ကြိုးပမ်းအားထုတ်ဖို့ တာဝန်ဝတ္တရားရှိပါတယ်။ အဲဒါတွေကတော့ သင်္ဘောပေါ်မှာ အထောက်အထားစာရွက်စာတမ်းတွေနဲ့ လက်တွေ့ဆောင်ရွက်မှုတွေကို နည်းလမ်းတကျစစ်ဆေးခြင်းမရှိဘဲ MLC ထောက်ခံချက်လက်မှတ်တွေကိုထုတ်ပေးနေတဲ့ ITF စစ်ဆေးရေးမှူးတွေ၊ သင်္ဘောပိုင်ရှင်၊ မှတ်ပုံတင်ထားတဲ့နိုင်ငံ၊ အတန်းအစားသတ်မှတ်ရေးအဖွဲ့တွေ၊ ဆိပ်ကမ်းအုပ်ချုပ်ရေးအဖွဲ့နဲ့ သင်္ဘောသားတွေ ပါဝင်ပါတယ်။
သင်္ဘောသားတွေနဲ့ ကမ္ဘာတစ်ဝန်းက သူတို့ရဲ့ကိုယ်စားလှယ်တွေဟာ ဘေးအန္တရာယ်ကင်းရေးစံသတ်မှတ်ချက်တွေကိုလိုက်နာတဲ့ ဘေးကင်းလုံခြုံတဲ့ လုပ်ငန်းခွင်နေရာတစ်ခုမှာ လုပ်ခွင့်ရရေးဆိုတဲ့သင်္ဘောသားတွေရဲ့ အခြေခံအခွင့်အရေးအတွက် မနားမနေတိုက်ပွဲဝင်ခဲ့ကြပြီး ကာကွယ်ခဲ့ကြပါတယ်။
ကျွန်တော်တို့ဟာ စစ်ဆေးရေးမှူးတွေဖြစ်ကြတဲ့အတွက် ကျွန်တော်တို့စစ်ဆေးတဲ့သင်္ဘောတိုင်းပေါ်မှာ အခြေအနေတွေတိုးတက်ကောင်းမွန်လာစေဖို့ဆက်လက်ကြိုးစား အားထုတ်သွားမှာပါ။ ဒါပေမဲ့ ဘယ်နိုင်ငံသားပဲဖြစ်ဖြစ်၊ ဘာရာထူးမှာပဲဖြစ်ဖြစ် သင်္ဘောသားတိုင်း အချိန်တန်တဲ့အခါ မိသားစုဝင်တွေဆီ ဘေးမသီရန်မခပြန်ရောက်စေရေးကို အာမခံနိုင်ဖို့ ကျွန်တော်တို့အားလုံး တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ကြရမှာပါ။
ပင်လယ်ရေကြောင်းသွားလာရေး လုပ်ငန်းမှာ ကောက်ကျစ်ယုတ်မာတဲ့ လုပ်ငန်းရှင်တွေရှိနေတဲ့အတွက် သင်္ဘောတိုင်းပေါ်မှာအကောင်းဆုံးလုပ်ထုံးတွေကိုကျင့်သုံးလာစေရေးဟာ ဆက်လက်လျှောက်လှမ်းရမယ့် ခရီးရှည်တစ်ခုလိုပါပဲ။ ဒါပေမဲ့ တကယ်လို့သင်္ဘောသားတိုင်းက သူတို့သင်္ဘောပေါ်မှာ နည်းနည်းလောက်ပါဝင်ကူညီပေးလိုက်တာနဲ့ ကောင်းမွန်တဲ့အကျိုးသက်ရောက်မှုတစ်ရပ်ကို ကျွန်တော်တို့တွေ့မြင်ကြရမှာပါ။ ■

### သင်္ဘောတစ်စင်းပေါ်က ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးကော်မတီတစ်ရပ် ဘာတွေဆောင်ရွက်ရမယ်ဆိုတာကို အကောင်းဆုံးကျင့်သုံးမှုလမ်းညွှန်ချက်အဖြစ် ဖော်ပြထားပါတယ်။အဲဒါတွေကတော့–

- ♦ ခန့်အပ်ထားတဲ့ ဒါမှမဟုတ် ရွေးချယ်တင်မြှောက်ထားတဲ့ သင်္ဘောသားကိုယ်စားလှယ်တစ်ဦးကို သင်္ဘောပေါ်မှာ ထားရှိရပါမယ်။
- ♦ ကုမ္ပဏီဘေးအန္တရာယ်ကင်းရေးမူဝါဒနဲ့ အစီအစဉ်တွေကိုအကောင်အထည်ဖော်ဖို့ သင်္ဘောကပ္ပတိန်နဲ့သင်္ဘောပိုင်ရှင်တို့ ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။ ကော်မတီဟာ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ သက်သာချောင်ချိရေးကိစ္စတွေမှာ ဩဇာသက်ရောက်မှုရှိဖို့ သင်္ဘောသားတွေနဲ့ဆွေးနွေးပွဲတစ်ရပ်ပြုလုပ်ဖို့ လိုပါတယ်။
- ♦ သင်္ဘောပေါ်မှာ ဘေးကင်းပြီးကျန်းမာရေးနဲ့ညီညွတ်တဲ့ လုပ်ငန်းခွင်အခြေအနေတွေအတွက်စီစဉ်ပေးတာ၊ စီမံခန့်ခွဲရေးနဲ့ညှိနှိုင်းရေးတို့မှာ ပါဝင်ပေးဖို့လိုပါတယ်။ ကော်မတီဟာ သင်္ဘောသားတွေရဲ့လုပ်ငန်းခွင်ကျန်းမာရေးနဲ့ ဘေးအန္တရာယ်ကင်းရေး (OHS) အတွက်အရေးပါတဲ့ စိတ်ကျန်းမာရေးအပါအဝင် တားဆီးကာကွယ်ရေးအစီအစဉ်တွေအားလုံးကို ဆောင်ရွက်ရမှာဖြစ်တဲ့အပြင် ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးပြဿနာတွေဖြေရှင်းဖို့လည်း အကြံပေးရမှာပါ။
- ♦ လုပ်ငန်းခွင်မတော်တဆမှုတွေ၊ ဒဏ်ရာရရှိမှုတွေနဲ့ ရောဂါဖြစ်ပွားမှုတွေကို စုံးစမ်းစစ်ဆေးခြင်း၊ ဖော်ထုတ်ခြင်းနဲ့ ဝေဖန်ဆန်းစစ်ခြင်းတို့လည်း ဆောင်ရွက်ရမှာပါ။
- ♦ သင်္ဘောကပ္ပတိန်နဲ့တိုင်ပင်ပြီး နောင်အလားတူဖြစ်ရပ်မျိုးထက် မဖြစ်အောင်တားဆီးကာကွယ်ရေးစီမံချက်တွေကို အဆိုပြုဖို့နဲ့အဲဒါတွေကို အကောင်အထည်ဖေါ်ရာမှာပါဝင်ဖို့လည်း လိုအပ်ပါတယ်။
- ♦ သင်္ဘောသားတွေကို ကာကွယ်စောင့်ရှောက်ဖို့အတွက် ကျန်းမာရေးနဲ့ဘေးအန္တရာယ်ကင်းရေးပြဌာန်းချက်တွေကို ခေတ်မှီနေစေဖို့ ထိန်းသိမ်းဆောင်ရွက်ဖို့လိုပါတယ်။
- ♦ သင်္ဘောပေါ်က လုပ်ငန်းခွင်အခြေအနေအတွက် သင့်တော်ပြီးလိုအပ်တဲ့ သင်တန်းနဲ့ညွှန်ကြားချက်တွေအတွက် သဘောတရားတွေကို အစိပ္ပါယ်ဖွင့်ဆိုပေးရမှာ ဖြစ်ပါတယ်။
- ♦ ဘေးအန္တရာယ်ကင်းရေးလုပ်ထုံးတွေကို လိုက်နာခြင်းရှိမရှိ အဆက်မပြတ်စစ်ဆေးဖို့လိုပါတယ်။
- ♦ ဆက်နွယ်မှုရှိတဲ့ (OHS) ဝန်ဆောင်မှုတွေကို ပူးပေါင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။
- ♦ သင်္ဘောကပ္ပတိန်ကတဆင့် သင်္ဘောပိုင်ရှင်ဆီ သင်္ဘောသားတွေကိုယ်စားတင်ပြချက်တွေနဲ့ အကြံပြုတိုက်တွန်းချက်တွေကို ပေးပို့ရမှာပါ။
- ♦ သင်္ဘောသားတွေကို ထိခိုက်နစ်နာစေတဲ့ (OHS) ပြဿနာတစ်ခုခုနဲ့ပတ်သက်ပြီးဆွေးနွေးကာ သင့်တော်သလို အရေးယူဆောင်ရွက်ရမှာပါ။ ဒါ့အပြင် အသက်ကယ်ပစ္စည်းကိရိယာအပါအဝင် သင့်တော်တဲ့ကာကွယ်ရေးနဲ့ဘေးအန္တရာယ်ကင်းရေးကိရိယာတွေကို လေ့လာဆန်းစစ်ပေးရပါမယ်။

# MLC က ဘာတွေ ဆောင်ရွက်ပေးနေသလဲ။

ပင်လယ်ရေကြောင်းသဘောတူစာချုပ် (MLC) ၂၀၀၆ စတင်အကျိုးသက်ရောက်လာသည်မှာ ၃ နှစ်ရှိပါပြီ။ ဒါကြောင့် MLC က သင်္ဘောသားတွေအတွက် အကျိုးဘယ်လောက်ရှိပြီး နောက်နောင်မှာလည်း ဘယ်လိုတွေအကျိုးပြုလာနိုင်မလဲဆိုတာကို ပင်လယ်ကူးသင်္ဘောသားများသတင်းလွှာက လေ့လာနေပါတယ်။



Flags and countries on the map shown in blue have ratified the Maritime Labour Convention

"အမှုကိစ္စတွေနဲ့ပတ်သက်လို့ ကျွန်တော်ကိုယ်တိုင်သင်္ဘောသားတွေနဲ့ လက်တွဲလုပ်ကိုင်လာရတဲ့အခါ ကျွန်တော်တို့ဟာ ဒီသဘောတူစာချုပ်က ပေးအပ်ထားတဲ့ ကာကွယ်စောင့်ရှောက်မှုတချို့ကို အသုံးပြုပြီး ကုမ္ပဏီတစ်ခုအပေါ်မှာ လိုအပ်တဲ့အတိုင်းအတာအထိ အသာစီးယူနိုင်ခဲ့ပါတယ်။ဒီသဘောတူစာချုပ်ဟာ သင်္ဘောသားနဲ့ချုပ်ဆိုထားတဲ့ ပဋိညာဉ်တစ်ခုမှာ ပါဝင်ရမယ့်အချက်အလက်တွေနဲ့ သင်္ဘောသားတစ်ယောက်ကို နေရပ်ပြန်ပို့တဲ့အခါမျိုးမှာ သူရသင့်ရထိုက်တဲ့ အခွင့်အရေးနဲ့ ပတ်သက်တဲ့အချက်အလက်တွေလို အလွန်အရေးပါပြီး မကြာခဏတင်ပြထားတဲ့ပြဿနာတွေကို ဖြေရှင်းပေးနိုင်ပါတယ်။"

**Vince Giannopoulos, ITF inspector, Canada**

# MLC ကြောင့် အပြောင်းအလဲတွေရှိလာသလား။

**MLC ကို အသုံးပြုတာကြောင့်ရရှိလာတဲ့ စစ်ဆေးရေးမှူးတွေရဲ့အတွေ့အကြုံတွေကို ITF ပင်လယ်ရေကြောင်းစီမံကိန်းနှင့်လှုပ်ရှားမှုများအဖွဲ့ခေါင်းဆောင် Katie Higginbottom က ပြန်လည်ဖောက်သည်ချထားပါတယ်။**

**MLC စတင်အာဏာသက်ရောက်တဲ့ အချိန်ကစပြီး သင်္ဘောသားတွေအတွက်အခြေအနေတွေ သိသိသာသာတိုးတက်ကောင်းမွန်လာခြင်းရှိမရှိ ရှင်းရှင်းလင်းလင်းမသိရသေးပါဘူး။**

တစ်ဖက်က ITF စစ်ဆေးရေးမှူးတွေရဲ့အစီရင်ခံစာတွေအရ ပြီးခဲ့တဲ့ပြဿနာဟောင်းတွေဟာ အခုပြန်ပေါ်နေဆဲဆိုတာ တွေ့နေရပါတယ်။ လစာငွေမပေးဘဲထားတာ၊ အလုပ်သဘောတူစာချုပ်ပါစည်းကမ်းချက်တွေကို ချိုးဖောက်တာနဲ့သတ်မှတ်အဆင့်ထက်နိမ့်ကျတဲ့ နေထိုင်စားသောက်ရေးအခြေအနေတွေ စတာတွေပါ။ အခုအချိန်အထိအကြီးမားဆုံး သင်္ဘောမှတ်ပုံတင်လုပ်ငန်းတည်ရှိပြီး MLC ကိုအတည်ပြုလက်မှတ်ရေးထိုးထားတဲ့ ဒုတိယမြောက်နိုင်ငံဖြစ်တဲ့ပနားမားနိုင်ငံမှာ ဒီလိုပြဿနာတွေအများဆုံးပေါ်ပေါက်နေပါတယ်။ သူတို့နိုင်ငံအလံလွှင့်ထူထားတဲ့ သင်္ဘောတွေပေါ်မှာဖြစ်ပေါ်နေတဲ့ပြဿနာတွေကို ဖြေရှင်းပေးနိုင်လောက်တဲ့အရင်းအမြစ်တွေ သူတို့နိုင်ငံမှာမရှိသေးတာကို ဒီအချက်တွေကထောက်ပြနေပါတယ်။

ငွေကြေးသုံးစွဲရာမှာ သင်္ဘောသားတွေကိုမသေရုံတမည်ကျွေးမွေးတဲ့နည်းလမ်းကို ကျင့်သုံးလိုတဲ့ကိုယ်ကျိုးရှာသင်္ဘောပိုင်ရှင်တွေ အမြောက်အများရှိနေဆဲပါ။ ပြောချင်တာကတော့ တကယ်လို့လုပ်ငန်းအဆင့်ဆင့်ကတစ်ယောက်ယောက်ကငွေပေးချေမှုတစ်ရပ်ကို ကြန့်ကြာအောင်ဆိုင်းထားရင် လုပ်ငန်းစဉ်တစ်ခုလုံးအစိတ်စိတ်ပြိုကွဲပြီး အဆက်ပြတ်သွားတာကြောင့် သင်္ဘောသားတွေအတွက် စိတ်ချရတဲ့အကာအကွယ် လုံးဝမရှိဘဲဖြစ်သွားပါတယ်။ MLC ဟာ ဒီလိုဖြစ်ရပ်တွေ ရပ်ဆိုင်းသွားစေဖို့ရည်ရွယ်တယ်လို့ယူဆရပါတယ်။ ဒါပေမဲ့ အလုပ်ခွင်မှာ ဒီသဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်တွေအတိုင်း လိုက်နာသွားစေဖို့တသမတ်တည်းလုံ့လစိုက်ထုတ်ဖြေရှင်းတဲ့ နည်းလမ်းတစ်ရပ် လိုအပ်ပါတယ်။

MLC ထောက်ခံချက်ရရှိထားတဲ့ သင်္ဘောတွေပေါ်မှာ ITF သဘောတူညီချက်တစ်ရပ်မလိုဘူးလို့ပြောနေကြတဲ့ သင်္ဘောပိုင်ရှင်တွေဟာ MLC ရဲ့ ရည်ရွယ်ချက်နဲ့ စုပေါင်းညှိနှိုင်းသဘောတူညီမှုတစ်ရပ်အကြား ကွဲပြားခြားနားမှုကိုသိရက်နဲ့ နားလည်မှုလွဲဟန်ဆောင်နေတာ ဒါမှမဟုတ် အခြေခံအားဖြင့် နားလည်မှုလွဲနေတာကို ဖော်ပြနေပါတယ်။ MLC ဟာ အစိုးရတွေ၊ အလုပ်ရှင်တွေနဲ့ အလုပ်သမားအားလုံးပြောရေးဆိုခွင့်ရှိတဲ့ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (ILO) ရဲ့ ကြိုးပမ်းအားထုတ်မှုရလဒ်ပါ။ သင်္ဘောသားတွေရဲ့အခြေခံအခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရာမှာ ကမ္ဘာတစ်ဝန်း ကျယ်ကျယ်ပြန့်ပြန့်အတည်ပြုရေးအတွက် လှည့်သာပြောင်းသာရှိပြီး သင်္ဘောပိုင်ရှင်တွေအကြား မတရားတဲ့ ယှဉ်ပြိုင်မှုတွေမရှိအောင်လည်း တားဆီးကာကွယ်ပေးတဲ့ နည်းလမ်းတစ်ရပ်နဲ့ ဆောင်ရွက်ဖို့သဘောတူထားတဲ့ ဖြန်ဖြေမှုတစ်မျိုးလည်းဖြစ်ပါတယ်။

ITF ကို ဒီအခြေအနေကနေရှင်းထုတ်ပစ်လိုတဲ့ သင်္ဘောပိုင်ရှင်တွေဟာ သူတို့ရဲ့စီးပွားပြိုင်ဘက်တွေကိုဖြိုလှဲပစ်ဖို့ အခွင့်အလမ်းတစ်ရပ်ကို စောင့်နေကြတဲ့သူတွေပါ။ "မင်းတို့ လာပြီးစည်းရုံးနေဖို့မလိုပါဘူး။ ဘာလို့လဲဆိုတော့ ငါတို့က ကောင်းတဲ့အလုပ်ရှင်တွေဖြစ်နေလို့ပဲ" လို့ပြောပြီး သူတို့ရဲ့အလုပ်သမားတွေကို ချွေးသိပ်လေ့ရှိတဲ့ အလုပ်ရှင်သူဌေးတွေဖြစ်နေတတ်ကြပါတယ်။ ဒီလိုပြောတတ်တဲ့သူတွေဟာ အလုပ်ရှင်ကောင်းတွေမဟုတ်ကြပါဘူး။ တစ်ဖက်မှာလည်း MLC ကို အကြောင်းပြုပြီး အရေးပါတဲ့ အကျိုးရလဒ်တွေအများအပြားရရှိလာပါတယ်။

အခုအချိန်မှာတော့ ITF စစ်ဆေးရေးမှူးတွေနဲ့ ဆိပ်ကမ်းအုပ်ချုပ်ရေးနဲ့ သင်္ဘောမှတ်ပုံတင်လုပ်ငန်းနိုင်ငံတွေက ကိုယ်စားလှယ်တွေအကြား ဒီသဘောတူစာချုပ်အာဏာသက်ရောက်ရေးအတွက် အရင်ကထက်ပိုပြီး ပူးပေါင်းဆောင်ရွက်လာကြပါတယ်။ သင်္ဘောသားလုပ်ခလစာတွေနဲ့ သဘောတူစာချုပ်တွေနဲ့ ပတ်သက်တဲ့ကိစ္စတွေပေါ်လာရင် ITF စစ်ဆေးရေးမှူးတွေကို ကျွမ်းကျင်ပညာရှင်အဖြစ်အသိအမှတ်ပြုလာကြပြီး ကိစ္စအများစုမှာ ပါဝင်ပတ်သက်နေသူတွေအားလုံးကလည်းအတူပူးပေါင်းလုပ်ကိုင်ကြရင် နှစ်ဦးနှစ်ဖက်အကျိုးရှိကြောင်းကိုလည်း သဘောပေါက်လာကြပါပြီ။

သင်္ဘောသားတွေဟာ ဒီသဘောတူစာချုပ်ပါ သူတို့ရဲ့ အခွင့်အရေးတွေကို ပွင့်ပွင့်လင်းလင်း တောင်းဆိုနိုင်ကြောင်း ပိုသိလာကြပါပြီ။ ဒီသဘောတူစာချုပ်ဟာ သူတို့ကို ကိုယ်စားပြုတဲ့ ITF စစ်ဆေးရေးမှူးတွေကို သူတို့နဲ့ထိုက်တန်တဲ့အခြေအနေတွေကို နိုင်ငံတကာကအသိအမှတ်ပြုထားတဲ့ တရားဥပဒေနဲ့အညီတောင်းခွင့်ပေးထားပါတယ်။

သင်္ဘောသားတွေအတွက် နောက်ပိုင်းမှာအမှန်တကယ်အကျိုးများစေမယ့် ဆောင်ရွက်ချက်တစ်ရပ်ကတော့ အိမ်ပြန်မပို့ပေးဘဲ စွန့်ပစ်ထားတဲ့ကိစ္စမျိုးနဲ့ အလုပ်ခွင်မှာသေဆုံးမှု၊ ဒဏ်ရာကြောင့် ရေရှည်မသန်မစွမ်းဖြစ်ရမှုစတာတွေအတွက် လျော်ကြေးတောင်းခံမှုမျိုးမှာ ဒီစာချုပ်ပါငွေကြေးဆိုင်ရာအာမခံမှုအတိုင်းအတာကို တိုးချဲ့ပေးထားတဲ့ ပြင်ဆင်ချက်တွေပဲ ဖြစ်ပါတယ်။

ဒီပြင်ဆင်ချက်တွေကို ၂၀၁၄ ခုနှစ်၊ ဇွန်လမှာ သဘောတူခဲ့ကြပြီးလာမယ့် ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းမှာ စတင်အကျိုးသက်ရောက်မယ်လို့ မျှော်လင့်ရပါတယ်။

သင်္ဘောမှတ်ပုံတင်လုပ်ကိုင်တဲ့ နိုင်ငံတွေဟာ တကယ်လို့ သင်္ဘောသားတွေကို သင်္ဘောပိုင်ရှင် ဒါမှမဟုတ် ကုမ္ပဏီကစွန့်ပစ်ထားခဲ့ရင် သူတို့အတွက်အာမခံတစ်ရပ်ကိုဖြစ်စေ သင်္ဘောသားတွေဆီ တိုက်ရိုက်ရောက်ရှိနေတဲ့ ရန်ပုံငွေတစ်ရပ်ရပ်ကိုဖြစ်စေ အသင့်ဆောင်ထားဖို့လိုပါတယ်။ တကယ်လို့ သင်္ဘောသားတွေကိုအိမ်ပြန်မပို့ဘဲထားရင်ဖြစ်စေ၊ သင်္ဘောပေါ်မှာရိက္ခာမရှိတာမျိုးဖြစ်စေ၊ ပိုင်ရှင်ဖြစ်သူကသူတို့နဲ့ အဆက်ဖြတ်ပြီး လစာတွေကို နှစ်လဆက်တိုက် မပေးဘဲထားရင်ဖြစ်စေ ဒီအာမခံကြေးတွေကို အသုံးပြုရမှာပါ။ အာမခံကြေးဟာ အပြန်အတွက်ကုန်ကျစရိတ်တွေ၊ မရှိမဖြစ်လိုအပ်တဲ့အစားအစာ၊ ရေနဲ့လောင်စာဆီဖိုးနဲ့လစာပြည့် လေးလစာအထိ ကျခံပေးရမှာပါ။

ဒီပြင်ဆင်ပြဋ္ဌာန်းချက်ကြောင့် ကောက်ကျစ်တဲ့သင်္ဘောကုမ္ပဏီတွေဟာသူတို့ရဲ့ တာဝန်တွေကို ခေါင်းရှောင်ဖို့အရင်ကထက် ပိုခက်ခဲသွားမှာပါ။ သင်္ဘောမှတ်ပုံတင်လုပ်ကိုင်တဲ့ နိုင်ငံတွေဟာ သူတို့ရဲ့မှတ်ပုံတင်စာရင်းမှာ လက်ခံမယ့်ကုမ္ပဏီနဲ့ပတ်သက်ပြီး ပိုသတိထားစောင့်ကြည့်လာတော့မှာပါ။

ပဋိညဉ်ဆိုင်ရာတောင်းဆိုချက်တွေကို ဖြေရှင်းရာမှာ သင်္ဘောပိုင်ရှင်ရဲ့ကြွေးမြီတာဝန်နဲ့ ပတ်သက်တဲ့စီမံချက်သစ်တွေဟာ သင်္ဘောသားတွေ သူတို့ရသင့်တာထက်နည်းတဲ့ငွေပမာဏကို လက်ခံဖို့ဖိအားပေးတာကို တိုက်ဖျက်ဖို့ရည်ရွယ်ပါတယ်။ လိုအပ်တဲ့ အကဲဖြတ်မှုကို အဆင့်ဆင့်ဆောင်ရွက်ပြီး ကြားကာလငွေပေးချေမှုတွေကို ရရှိအောင်ဆောင်ရွက်ပေးခြင်းနဲ့ အခက်အခဲတွေကို ဖြေလျှော့ပေးမှာဖြစ်ပါတယ်။ စွန့်ပစ်ခံရမှုကိစ္စမျိုးကိုတော့ သင်္ဘောသားတွေ (ဒါမှမဟုတ် သူတို့မိသားစုဝင်တွေ) တိုက်ရိုက်တောင်းဆိုလာနိုင်သလို သင်္ဘောတွေပေါ်မှာလည်း ဆက်သွယ်ဖို့အသေးစိတ်အချက်အလက်တွေအားလုံးကို အသင့်ပြင်ဆင်ထားဖို့လိုပါတယ်။

သင်္ဘောသားတွေကိုယ်တိုင်ကလည်း သူတို့ရပိုင်ခွင့်တွေကို ကောင်းစွာသိမြင်လာပြီး တောင်းဆိုခြင်းအားဖြင့် MLC က ပေးထားတဲ့အခွင့်အရေးတွေကို အပြည့်အဝယူတတ်ဖို့ အခုအချိန်မှာ မရှိမဖြစ်လိုအပ်လာပါပြီ။

MLC ဖွံ့ဖြိုးတိုးတက်မှုနဲ့ပတ်သက်ပြီး နောက်ဆုံးရသတင်းအချက်အလက်တွေကို www.ilo.org/global/standards/maritime-labour-convention မှာ ကြည့်ရှုနိုင်ပါတယ်။

သင်္ဘောသားတွေအတွက် ITF ရဲ့ MLC လမ်းညွှန်ကို www.itfseafarers.org/files/seealsodocs/40281/Seafarers-bill-of-rights.pdf မှာ download ရယူနိုင်ပါတယ်။ ■

## အိန္ဒိယသင်္ဘောသားများအတွက် အကျိုးသက်ရောက်မှု

**အိန္ဒိယနိုင်ငံ သင်္ဘောသားများအမျိုးသားသမဂ္ဂ (NUSI) ရဲ့ အထွေထွေအတွင်းရေးမှူးနဲ့ ဘဏ္ဍာရေးမှူး Abdulgani Serang ကဒီနှစ်မှာ MLC နဲ့ convention ၁၈၅ တို့ အိန္ဒိယနိုင်ငံမှာစတင်အကျိုးသက်ရောက်တဲ့အခါ အိန္ဒိယနိုင်ငံရဲ့သင်္ဘောသားတွေအတွက်ဘယ်လိုအဓိပ္ပါယ် ရှိလာမလဲဆိုတာကိုလေ့လာသုံးသပ်ထားပါတယ်။**

အိန္ဒိယနိုင်ငံဟာ ပင်လယ်ရေကြောင်းသွားလာမှု လုပ်ငန်းထွန်းကားတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အရေးပါတဲ့ ပင်လယ်ရေကြောင်းလုပ်သား တင်ပို့ပေးတဲ့နိုင်ငံလည်း ဖြစ်ပါတယ်။

ပင်လယ်ကူးသင်္ဘောတွေပေါ်မှာ တာဝန်ထမ်းဆောင်နေကြတဲ့ အိန္ဒိယနိုင်ငံ သင်္ဘောသား ၁၂၅,၀၀၀ ခန့်ဟာ MLC က အကျိုးကျေးဇူးခံစားခွင့် ရှိနေပါတယ်။

သင်္ဘောတွေဟာ ပင်လယ်ရေကြောင်းလုပ်သားထောက်ခံချက်လက်မှတ် (maritime labour certificate) ကို ကိုင်ဆောင်ထားရမှာဖြစ်တဲ့အတွက်

အိန္ဒိယနိုင်ငံအလံလွှင့်ထူထားတဲ့ GRT ၅၀၀ နဲ့အထက် နိုင်ငံတကာရေကြောင်းသွားကုန်တင်သင်္ဘောတွေကို စစ်ဆေးပြီးတဲ့အခါ ဒီလက်မှတ်တွေကိုထုတ်ပေးမှာပါ။ အလားတူပဲ အိန္ဒိယနိုင်ငံရေပိုင်နက် အတွင်းဝင်ရောက်လာတဲ့ တခြားနိုင်ငံအလံလွှင့်ထူထားတဲ့သင်္ဘောတွေမှာလည်း သင်္ဘောသားတွေရဲ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးထားခြင်းရှိမရှိ စစ်ဆေးမှာဖြစ်ပါတယ်။

MLC စံညွှန်းတွေဖြစ်တဲ့ A ၄.၅(၂) နဲ့ (၁၀) တို့နဲ့အညီ အိန္ဒိယပင်လယ်ရေကြောင်းညွှန်ကြားမှုဦးစီးဌာန (IMA) က ၂၀၁၄ ခုနှစ် ဩဂုတ် လ ၂၁ ရက်နေ့ (သို့) အဲဒီနေ့နောက်ပိုင်းမှာ ကလေးမွေးဖွားမှုတွေ၊ ဒဏ်ရာရရှိမှုတွေ ဒါမှမဟုတ် သေဆုံးမှုတွေနဲ့အကျုံးဝင်တဲ့ သင်္ဘောသားတွေအတွက် လူမှုဖူလုံရေးခံစားခွင့်ပုံစံ ၃ မျိုးကို ဖော်ပြထားပါတယ်။

အမျိုးသမီးသင်္ဘောသားတွေဟာ သူတို့နောက်ဆုံးလိုက်ပါတာဝန်ထမ်းဆောင်ခဲ့တဲ့ သင်္ဘောပေါ်ကဆင်းလာတဲ့နေ့က လပေါင်း ၆၀ အတွင်း ကလေးမွေးဖွားမှု ၂ ကြိမ်အထိအတွက် မီးနေစရိတ်ပေါင် ၂၅၀ ရကြမှာပါ။ နောက်ဆုံးလိုက်ပါတာဝန်ထမ်းဆောင်တဲ့သင်္ဘောကဆင်းလာပြီး ၁၂ လအတွင်း ဒဏ်ရာတစ်ခုခုကြောင့် နောက်ထပ်သင်္ဘောမလိုက်နိုင်လောက်အောင် ကျန်းမာရေးချို့တဲ့သွားတဲ့ အိန္ဒိယနိုင်ငံသင်္ဘောသားတွေကို ပေါင် ၁၀၀၀ ပေးမှာပါ။ ဒါ့အပြင် သင်္ဘောသားတစ်ယောက်ဟာ သင်္ဘောပေါ်ကဆင်းလာပြီး ၁၂ လအတွင်း သေဆုံးခဲ့ရင် ကွယ်လွန်သူသင်္ဘောသားရဲ့ အနီးစပ်ဆုံးဆွေမျိုးသားချင်း ဒါမှမဟုတ် တရားဝင်ခံစားခွင့်ရှိသူကို ပေါင် ၁၀၀၀ ပေးမှာ ဖြစ်ပါတယ်။

ဒီသက်သာချောင်ချိရေးအစီအစဉ်ကို IMA က ကြီးမှူးပြီး NUSI ပါဝင်တဲ့သင်္ဘောသားများသက်သာချောင်ချိရေး ရန်ပုံငွေအဖွဲ့က ရေးဆွဲသတ်မှတ်ပေးထားတာပါ။ ■



# နိုင်ငံသားသင်္ဘောသားတွေရဲ့ပြည်တွင်းအလုပ်အကိုင်ကိုကာကွယ်စောင့်ရှောက်ပေးခြင်း



လွန်ခဲ့တဲ့ဆယ်စုနှစ်အတွင်း အခွန်အခသက်သာမှု၊ လုပ်အားခသက်သာမှုနဲ့ထိန်းချုပ်တဲ့ စည်းမျဉ်းနည်းပါးမှုပေါ်မူတည်ပြီး သူတို့အတွက် စီးပွားရေးလုပ်ကွက်ကောင်းမယ့် တိုင်းပြည်ကိုရွေးချယ်နိုင်ကြတဲ့ ကမ္ဘာ့စီးပွားရေးလုပ်ငန်းတွေ ဩဇာတိက္ကမကြီးထွားလာနေတာကို ကျွန်တော်တို့ တွေ့မြင်နေကြပါတယ်။ မှတ်ပုံတင်ထားတဲ့နိုင်ငံအလံကိစ္စကို စဉ်းစားကြည့်ရင် သိနိုင်ပါတယ်။ ဒါကြောင့် **shareholders Cabotage** ခေါ်စနစ်တစ်ရပ်အတွက် သတ်မှတ်ထားတဲ့ အနိမ့်ဆုံးအဆင့်အောက်ရောက်နေတဲ့ အကြောင်းရင်းတွေကြောင့် သူတို့ရဲ့အမျိုးသားသင်္ဘောတင်ပို့မှုလုပ်ငန်းကို ကာကွယ်ထိန်းသိမ်းတဲ့ဥပဒေအရ အရေးယူဆောင်ရွက်မှုတွေပြုလုပ်လာတဲ့နိုင်ငံတွေကို ကျွန်တော်တို့ အပြည့်အဝထောက်ခံတာပါ။ နိုင်ငံတစ်နိုင်ငံက သူ့နိုင်ငံသားအတွက်နိုင်ငံပိုင် ပင်လယ်ရေကြောင်းကုန်သွယ်စီးပွားရေးကို ထိန်းသိမ်းခြင်းနဲ့ လုပ်ငန်းအနာဂတ်အတွက် ကျွမ်းကျင်လုပ်သားတွေနဲ့ သတ်မှတ်အဆင့်အတန်းရှိတဲ့ အလုပ်အကိုင်တွေကိုအာမခံတဲ့စနစ်ဖြစ်တဲ့ **Shareholders Cabotage** ကို အခုအချိန်မှာနိုင်ငံပေါင်း ၄၇ နိုင်ငံမှာ ပုံစံတစ်မျိုးနဲ့ကျင့်သုံးနေကြပါပြီ။ ဒါပေမဲ့ ဒီစနစ်ဟာ နိုင်ငံသားတွေ့ရဲ့ အလုပ်အကိုင်တွေကိုအသုံးချပြီး အမြတ်အစွန်းအများအပြားရှာဖွေနေတဲ့ သင်္ဘောပိုင်ရှင်တွေနဲ့ သူတို့ရဲ့မဟာမိတ်တွေရဲ့ခြိမ်းခြောက်မှုကို ခံနေရပါတယ်။ **Cabotage** ဟာ နိုင်ငံ ၃ နိုင်ငံအတွက် ဘာကြောင့်အရေးပါတယ်ဆိုတာကို သင်္ဘောသားများသတင်းလွှာက ခုလိုသုံးသပ်ထားပါတယ်။

# အမေရိကရဲ့စီးပွားရေးနှင့်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ခြင်း

**အမေရိကန်ပြည်ထောင်စုရဲ့ Freight cabotage law ဟာ တိုင်းပြည်ရဲ့စီးပွားရေးနဲ့လုံခြုံရေးအတွက် အလွန်အရေးပါတဲ့အတွက် ပင်လယ်ရေကြောင်းသမဂ္ဂတွေဟာ ဒီဥပဒေအတွက်ဆက်လက်တိုက်ပွဲဝင်သွားကြမယ်လို့ ပင်လယ်ကူးသင်္ဘောသားများအပြည်ပြည်ဆိုင်ရာသမဂ္ဂက ဆက်သွယ်ရေးညွှန်ကြားရေးမှူး Jordan P Biscardo က ရှင်းပြထားပါတယ်။**

**အမေရိကန်ပြည်ထောင်စုရဲ့ freight cabotage law ဖြစ်တဲ့ The Jones Act ဟာ အရေးပါတဲ့အလုပ်အကိုင်တွေရဲ့အဓိကပင်ရင်းတစ်ခုဖြစ်တာကြောင့် အမေရိကန်ပြည်ထောင်စုက နိုင်ငံရေးပါတီကြီးနှစ်ရပ်စလုံးရဲ့ တစ်ခဲနက်ထောက်ခံအားပေးမှုကို ထူးထူးခြားခြားရရှိထားပါတယ်။ ဒီဥပဒေကို အမေရိကန် စစ်ဖက်ခေါင်းဆောင်တွေကလည်း အခိုင်အမာထောက်ခံအားပေးကြပါတယ်။**

လူသိများထင်ရှားတဲ့ လုပ်ငန်းကုမ္ပဏီကြီးတစ်ခုဖြစ်တဲ့ Pricewaterhouse Coopers က ပြုလုပ်ခဲ့တဲ့ သီးခြားလေ့လာမှုတစ်ရပ်အရ ဂျုန်းစ်အက်ဥပဒေဟာ သင်္ဘောပေါ်နဲ့ ကမ်းနံဘေးအလုပ်အကိုင်နှစ်မျိုး စလုံးပါဝင်တဲ့အမေရိကန်နိုင်ငံသားတွေရဲ့အလုပ်အကိုင် ၅၀၀,၀၀၀ နီးပါးကိုထိန်းသိမ်းထားနိုင်အောင်အထောက်အကူပြုပါတယ်။ ဒီအလုပ်တွေနဲ့ဆက်နွယ်နေတဲ့ ကူးသန်းရောင်းဝယ်ရေးတွေဟာ အမေရိကန်ပြည်ထောင်စုရဲ့ စီးပွားရေးကိုနှစ်စဉ် ဒေါ်လာဘီလျံနဲ့ချီပြီး ပံ့ပိုးပေးနေပါတယ်။

ဒီအလုပ်အကိုင်တွေထဲကအများစုဟာ နိုင်ငံအတွက်နဲ့အမျိုးသားလုံခြုံရေးအတွက်အရေးပါလှပါတယ်။ ပြည်တွင်းလုပ်သား မပါဝင်ဘူးဆိုရင် အမေရိကန်နိုင်ငံဟာ သူ့ရဲ့သင်္ဘောတည်ဆောက်မှုစွမ်းရည်တွေ ဆုံးရှုံးသွားနိုင်ပါတယ်။ ဒါ့အပြင် သင်္ဘောသားဦးရေဟာလည်း ရာခိုင်နှုန်းအရ သိသိသာသာလျော့ကျသွားနိုင်ပါတယ်။

ပြည်တွင်းကူးသန်းရောင်းဝယ်ရေးမှာ ပါဝင်ပြေးဆွဲနေတဲ့သင်္ဘောတွေထဲမှာ စစ်ရေးအထောက်အကူပြုတာဝန်တွေအတွက် အင်အားဖြည့်တင်းပေးမယ့် သင်္ဘောမရှိပေမယ့်လည်း ဂျုန်းစ်အက် ဥပဒေအရ ကုန်သင်္ဘောတွေမှာလိုက်ပါနေကြတဲ့ ယောကျ်ားတွေနဲ့မိန်းမတွေမှာ အဲဒီလိုတာဝန်ကိုထမ်းဆောင်ဖို့ အသင့်ပြင်ထားရပါတယ်။ တကယ်တော့ အရပ်ဖက်သင်္ဘောသားတစ်ဦးအတွက် ဥပမာအားဖြင့် ကမ်းရိုးတန်းသွား ရေနံတင်သင်္ဘောတစ်စင်းပေါ်တက်လိုက်သွားနေကျဖြစ်ပြီး နှစ်ကုန်ခါနီးသည့်အခါ စက်ပစ္စည်းတွေသယ်ယူပို့ဆောင်ပေးတဲ့ သင်္ဘောတစ်စင်းပေါ်လိုက်ပါရပါတယ်။ ပြည်တွင်းသွား သင်္ဘောအများစုဟာ စစ်ရေးအတွက်လည်း အသုံးဝင်တာကြောင့် အကြပ်အတည်းတစ်ရပ်မှာအသုံးပြုနိုင်ပါတယ်။

အမေရိကန်နိုင်ငံဟာ သူ့ရဲ့သင်္ဘောသားတွေကို တစ်ယောက်တောင် အဆုံးအရှုံးမခံနိုင်ပါဘူး။ အခုအချိန်မှာ အရေးအကြီးဆုံးအချိန်ရောက်နေတာကြောင့် သူ့ရဲ့ ပင်လယ်ရေကြောင်း cabotage law ကို ချည့်နဲ့သွားစေမယ့်အချက်မှန်သမျှဟာ နိုင်ငံရဲ့ဘေးကင်းလုံခြုံရေးကို ဆိုးဆိုးဝါးဝါးထိခိုက်သွားစေနိုင်ပါတယ်။ သင်္ဘောသားလောကထဲဝင်ခွင့်ရဖို့နဲ့အလုပ်တည်မြဲနေစေဖို့ သင်တန်းတွေ အဆင့်ဆင့်တက်ရတယ်လို့ အမေရိကန်ပြည်ထောင်စု ပင်လယ်ရေကြောင်းအုပ်ချုပ်ရေးအဖွဲ့အကြီးအကဲက ထောက်ပြထားပါတယ်။ အဲဒီလိုလူမျိုးတွေဟာ သင်္ဘောသားဘဝကို စွန့်လွှတ်လိုက်ပြီးရင် သင်္ဘောပေါ်ပြန်တက်တဲ့သူ တော်တော်ရှားတယ်လို့လည်း သူကပြောပါတယ်။

ထောက်ခံမှုတွေရထားပေးမယ့်လည်း ဂျုန်းစ်ဥပဒေဟာ ဈေးကွက်အတွင်းတိုးဝင်နိုင်ဖို့စောင့်ကြည့်နေတဲ့နိုင်ငံခြားအလံတင်သင်္ဘောပိုင်ရှင်တွေက ထိုးနှက်တိုက်ခိုက်နေတာကို ခံနေရပါတယ်။ ကမ္ဘာတစ်ဝန်းက တခြားနိုင်ငံ ဒါဇင်ပေါင်းများစွာဟာ ပင်လယ်ရေကြောင်း caboatge law ကိုဆက်လက်ကျင့်သုံးနေပေမယ့် ဝေဖန်သူတွေကတော့ ဒီဥပဒေဟာ ကိုယ်ကျိုးစီးပွားကာကွယ်မှုဖြစ်ပြီး ခေတ်လည်းမမီတော့ဘူးလို့ပြောကြပါတယ်။ ဂျုန်းစ်အက်ဥပဒေဟာ စီးပွားရေးနဲ့လုံခြုံရေးဥပဒေနှစ်ရပ်စလုံးကကြည့်မယ်ဆိုရင် လျော်ကန်သင့်မြတ်တဲ့မူဝါဒတစ်ခုပါ။ အမေရိကန်နိုင်ငံရဲ့ ပင်လယ်ရေကြောင်းလုပ်သားသမဂ္ဂတွေနဲ့ တခြားထောက်ခံအားပေးသူတွေက ဒီဥပဒေကို တသမတ်တည်း အားပေးမြှင့်တင်ပြီး ဒီလိုအရေးပါလှတဲ့ ဥပဒေအတွက် ဆက်လက်ရပ်တည်သွားကြမှာပါ။ ■

## ကနေဒါနိုင်ငံရဲ့ ပင်လယ်ရေကြောင်းအလုပ်တွေကို ကာကွယ်စောင့်ရှောက်ခြင်း

**သင်္ဘောသားတွေရဲ့အလုပ်တွေကို ကာကွယ်စောင့်ရှောက်ဖို့ ကနေဒါနိုင်ငံကလည်း သူ့ရဲ့အိမ်နီးချင်းအမေရိကန်နိုင်ငံလိုပဲ cabotage law တွေကိုလက်ခံကျင့်သုံးခဲ့တယ်လို့ ကနေဒါနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအပြည်ပြည်ဆိုင်ရာသမဂ္ဂဥက္ကဋ္ဌ James Given က ပြောပြပါတယ်။**

ကနေဒါနိုင်ငံဟာ ပင်လယ်ရေကြောင်းလမ်းအသုံးပြုတဲ့နိုင်ငံတစ်ခုပါ။ ကမ္ဘာ့သမုဒ္ဒရာကြီးသုံးခုထိစပ်နေတဲ့ ကျွန်တော်တို့နိုင်ငံရဲ့ ကမ်းရိုးတန်းဟာ ကီလိုမီတာ ၂၄၄,၀၀၀ ရှည်လျားပြီး ကမ္ဘာပေါ်မှာအရှည်ဆုံးပါ။ လူဦးရေ ၃၅.၇ သန်းရှိတဲ့ပင်လယ်ရေကြောင်းနိုင်ငံတစ်နိုင်ငံအနေနဲ့ ကနေဒါနိုင်ငံဟာ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးနဲ့ကူးသန်းရောင်းဝယ်ရေးမှာ စစ်အတွင်းနဲ့ ငြိမ်းချမ်းတဲ့ကာလတွေမှာပါ အရေးကြီးတဲ့အခန်းကဏ္ဍကနေပါဝင်နေပါတယ်။

နိုင်ငံရဲ့အရေးပါဆုံးသမဂ္ဂဖြစ်တဲ့ ကနေဒါနိုင်ငံပင်လယ်ကူးသင်္ဘောသားများအပြည်ပြည်ဆိုင်ရာသမဂ္ဂကို မြောက်အမေရိကတိုက် ပင်လယ်ကူးသင်္ဘောသားများအပြည်ပြည်ဆိုင်ရာသမဂ္ဂနဲ့တွဲ ဖက်ထားပါတယ်။ ကျွန်တော်တို့ရဲ့သမဂ္ဂဝင်တွေဟာ ကမ္ဘာပေါ်မှာအကောင်းဆုံး လေ့ကျင့်ပေးထားတဲ့ သင်္ဘောသားတွေထဲမှာ ပါဝင်တယ်ဆိုတဲ့ ဂုဏ်သတင်းကြောင့် ကျွန်တော်တို့ ဂုဏ်ယူပါတယ်။

Great Lakes ဝန်းကျင်မှာ လည်ပတ်နေတဲ့ ကနေဒါနဲ့ အမေရိကန်စက်မှုလုပ်ငန်းတွေဆီသွားရောက်ရေးဟာ Minnesota ပြည်နယ်ကနေ အတ္တလန်တစ်သမုဒ္ဒရာအတွင်းစီးဝင်နေတဲ့ စိန့်လောရစ်မြစ်ကြောင့်လွယ်ကူအဆင်ပြေနေပါတယ်။ Great Lakes အဝင်ဝဟာ ပင်လယ်ရေမျက်နှာပြင်အထက် ၆၅၃ ပေအမြင့်မှာတည်ရှိနေတာကြောင့် အမေရိကန်နဲ့ကနေဒါအစိုးရ ကိုယ်စားလှယ်တွေက စီမံအုပ်ချုပ်နေတဲ့ စိန့်လောရစ်ပင်လယ်ရေလမ်းအာဏာပိုင်ရဲ့ ရေထိန်းတံခါးအဆင့်ဆင့်ကြောင့် Great Lakes အတွင်း ရေကြောင်းခရီးလမ်းပွင့်သွားခဲ့တာပါ။

အမေရိကန်ပြည်ထောင်စုနဲ့အတူစိန့်လောရစ်ပင်လယ်ရေလမ်းစီမံအုပ်ချုပ်ရေးနဲ့ လုပ်ငန်းလည်ပတ်ရေးကိုဆောင်ရွက်နေတဲ့ ကနေဒါနိုင်ငံဟာလည်းအမေရိကန်နိုင်ငံရဲ့ ဥပဒေနဲ့အညီဦးတည်ချက်ချင်းတူညီတဲ့ ပင်လယ်ရေကြောင်းနဲ့အလုပ်သမား ဥပဒေတစ်ချို့ကို ပြဋ္ဌာန်းပြီး လက်ခံကျင့်သုံးနေပါတယ်။

နိုင်ငံအတွင်းရေကြောင်းသွားလာမှုကို သက်ဆိုင်ရာနိုင်ငံရဲ့သင်္ဘောတွေသာ လုပ်ဆောင်ခွင့်ရှိရမယ်ဆိုတဲ့အချက်လည်း ပြဋ္ဌာန်းချက်တွေမှာပါဝင်ပါတယ်။ ကနေဒါရေပြင်နဲ့ ကနေဒါနိုင်ငံရဲ့ ဆိပ်ကမ်းတွေအကြား ပင်လယ်ရေကြောင်းကူးသန်းရောင်းဝယ်ရေးကိုထိန်းညှိပေးဖို့နဲ့ ကနေဒါသင်္ဘောသားတွေရဲ့အလုပ်အကိုင်ကို ကာကွယ်စောင့်ရှောက်ပေးဖို့လိုအပ်တဲ့အတွက် အဲဒီလိုပြဋ္ဌာန်းထားတာပါ။ ကနေဒါဆိပ်ကမ်းတွေကြားမှာ ရေလမ်းခရီးနဲ့သယ်ယူပို့ဆောင်ပေးနေတဲ့ ကုန်စည်တွေအားလုံးကိုကနေဒါနိုင်ငံအလံလွှင့်ထူထားပြီး ကနေဒါနိုင်ငံသားသင်္ဘောသားတွေမောင်းနှင်တဲ့ သင်္ဘောတွေနဲ့ သာသယ်ဆောင်ရမယ်ဆိုတဲ့ Coasting Trade Act ကို လက်ခံသဘောတူထားပါတယ်။

တကယ်လို့ သင့်တော်တဲ့သင်္ဘောမရဘူးဆိုရင် Transport Canada က ခြွင်းချက်အနေနဲ့တခြားသင်္ဘောနဲ့ သယ်ဆောင်ခွင့်ပြုရမယ်လို့ သဘောတူထားကြပါတယ်။ ■

## အိုင်ဗရီကို့စ်သမဂ္ဂများက သင်္ဘောသားများအတွက် တိုက်ပွဲဝင်လျက်ရှိ

**အိုင်ဗရီကို့စ်နိုင်ငံရှိသမဂ္ဂတွေဟာ လက်ရှိအချိန်မှာသင်္ဘောသားတွေအတွက် တိုက်ပွဲဝင်နေကြတယ်လို့ အိုင်ဗရီကို့စ်နိုင်ငံ (SYMICOM) u Joachim Mel Djedje-Liu ပြောပါတယ်။**

အိုင်ဗရီကို့စ်နိုင်ငံက ဆိပ်ကမ်းတွေအကြား cabotage ရေကြောင်းသွားလာမှုနဲ့ ဆွဲသင်္ဘောနဲ့ဆွဲယူခြင်းကိုနိုင်ငံရဲ့ သင်္ဘောတွေအတွက်အရင်က သီးသန့်ချန်လှပ်ထားနိုင်ပေမယ့် အပြန်အလှန်ညှိနှိုင်းထားတဲ့ အစီအစဉ်တစ်ရပ်ရှိပြီး အကောက်အခွန်ဆိုင်ရာဥပဒေကို ချိုးဖောက်ခြင်းမရှိပါက တခြားနိုင်ငံကသင်္ဘောတွေကိုလည်း အလားတူဆောင်ရွက်ခွင့်မျိုးပေးနိုင်ပါတယ်။

၁၉၆၈ ခုနှစ်မှာ ဥပဒေသစ်တစ်ရပ်ကိုပြဋ္ဌာန်းခဲ့ပြီး အဲဒီ ၆၈ ဥပဒေပါအပိုဒ် ၄၀၆ အရနိုင်ငံရဲ့ သင်္ဘောတွေအပေါ် လုပ်ဆောင်ချက်တွေကန့်သတ်ထားပြီး ကင်းလွတ်ခွင့်တစ်ရပ်ကိုဆောက်လုပ်ရေးလုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးက ခွင့်ပြုနိုင်တယ်လို့ ဖော်ပြထားတာကြောင့် အိုင်ဗရီကို့စ်နိုင်ငံရှိ ဆိပ်ကမ်းနှစ်ခုကြား ရေကြောင်းသွားလာမှုနဲ့ ဆွဲသင်္ဘောဖြင့်ဆွဲယူခြင်းတို့ကို ကျွန်တော်တို့ကပဲ လုပ်ကိုင်ခွင့်ရှိပါတယ်။

ဒီအနေအထားဟာ ကနေ့အချိန်အထိရှိနေပေမယ့်လည်း ဒီဥပဒေနဲ့စည်းမျဉ်းတွေကို လိုက်နာစရာမလိုဘဲ တချို့သင်္ဘောတွေကို ကျွန်တော်တို့ရဲ့ ကမ်းရိုးတန်းတလျှောက်ခုတ်မောင်းခွင့်ပေးခဲ့ပါတယ်။ Abidjan နဲ့ San Pedro ဆိပ်ကမ်းအကြားမှာ တခြားသင်္ဘောတွေကို ကန့်သတ်ထားတာကို ဖယ်ရှားပေးထားပြီး Kiribati အလံလွှင့်ထားတဲ့ Cavally သင်္ဘောနဲ့ တခြားအလံအမျိုးမျိုးလွှင့်ထူထားတဲ့ ကမ်းလွန်ပင်လယ်ပြင်သွားသင်္ဘောတွေဖြစ်တဲ့ ဗင်နာတူး၊ မလေးရှားနဲ့ ဘီလစ်ဇီစတဲ့နိုင်ငံအလံလွှင့်ထူထားတဲ့ ထောက်ပံ့ရေးသင်္ဘောတွေကို ခုတ်မောင်းခွင့်ပေးခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့သမဂ္ဂဟာ သင်္ဘောတွေပေါ်မှာဒေသခံတွေ အလုပ်ရရှိရေးနဲ့ သက်ဆိုင်ပါတယ်။ အိုင်ဗရီကို့စ် ပင်လယ်ရေကြောင်းအာဏာပိုင်က သက်ဆိုင်ရာသင်္ဘောလုပ်ငန်းရှင်တွေအားလုံးကို တည်ဆဲစည်းကမ်းဥပဒေတွေကို လေးစားဖို့မေတ္တာရပ်ခံခြင်းနည်းနဲ့ ကူညီဖြေရှင်းပေးခဲ့ပါတယ်။

တချို့သင်္ဘောပိုင်ရှင်တွေဟာ အိုင်ဗရီကို့စ်နိုင်ငံရဲ့ဥပဒေတွေကို ဆန့်ကျင်နိုင်ဖို့အတွက် သူတို့ မှတ်ပုံတင်အလံထူထားတဲ့နိုင်ငံရဲ့ဥပဒေကို အသုံးချလေ့ရှိကြပါတယ်။ မှတ်သားဖွယ်အကောင်းဆုံးကတော့ ကမ်းလွန်ကဏ္ဍမှာ အမေရိကန်အခြေစိုက် Tidewater သင်္ဘောနဲ့စင်ကာပူအခြေစိုက် Emas သင်္ဘောတို့ရဲ့ပိုင်ရှင်နှစ်ဦးပါ။ အကျိုးဆက်အနေနဲ့ကတော့ ဒေသခံသင်္ဘောသားတွေအထူးသဖြင့်အရာရှိတွေအတွက် အဲဒီသင်္ဘောတွေပေါ်မှာအလုပ်ရဖို့ တကယ့်ကိုခက်ခဲပါတယ်။ ခြွင်းချက်ကတော့ Cavally သင်္ဘောကုမ္ပဏီပါ။ ဒီကုမ္ပဏီက သင်္ဘောသားတွေရဲ့ ၇၅ ရာခိုင်နှုန်းဟာ အိုင်ဗရီကို့စ်နိုင်ငံသားတွေဖြစ်တယ်လို့ ခန့်မှန်းရပြီး အင်ဂျင်နီယာတွေပဲ နိုင်ငံခြားသားသင်္ဘောသားတွေဖြစ်ကြပါတယ်။

SYMICOM နဲ့ သင်္ဘောသားဆိုင်ရာ တခြားအလုပ်သမားသမဂ္ဂတွေဟာ ကျွန်တော်တို့ရဲ့ သင်္ဘောသားတွေရဲ့ နိုင်ငံသားအလုပ်အကိုင်တွေကို ကာကွယ်စောင့်ရှောက်ဖို့အတွက် ကျွန်တော်တို့ရဲ့ဥပဒေတွေနဲ့ စည်းမျဉ်းတွေကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ဖို့ ပင်လယ်ရေကြောင်းအာဏာပိုင်ဆီ ဒီပြဿနာတွေကို ဆက်ပြီးတင်ပြနေပါတယ်။ ■

# အင်တာနက်ပေါ်မှအသံများ။ ပင်လယ်ပြင်အတွင်းဆက်သွယ်ရေး

**ITF ပင်လယ်ကူးသင်္ဘောသားများ ယုံကြည်အပ်နှံမှုရန်ပုံငွေအဖွဲ့ဟာ သင်္ဘောသားတွေဆက်သွယ်ရေးမှာလွယ်ကူစေဖို့ ဆောင်ရွက်ပေးနေပါတယ်။ဘယ်လိုအပြောင်းအလဲမျိုးတွေ မြင်တွေ့ခွင့်ရဖို့ရှိမလဲဆိုတာကို လက်ထောက်အုပ်ချုပ်ရေးမှူး Henry Norman က ခုလို ရှင်းပြထားပါတယ်။**

**ဖန်မျှင်ဆက်သွယ်ရေး၊ 4G မိုဘိုင်းကွန်ယက်တွေနဲ့ အက်ပ်စ် တီထွင်မှုတွေခေတ်စားနေတဲ့ ဒီနေ့ကမ္ဘာမှာ ကျွန်တော်တို့ရဲ့ အွန်လိုင်းဆက်သွယ်မှုတွေနဲ့ အကြောင်းကြားစာတွေကိုအမြန်ဆုံးနှုန်းထားနဲ့ပေးပို့နိုင်ကြမယ်လို့ ကျွန်တော်တို့အားလုံးမျှော်လင့် လာကြပါတယ်။**

ဒါပေမဲ့ ကျွန်တော်တို့အားလုံးခပ်လွယ်လွယ်အသုံးပြုခွင့်ရနေတဲ့ အွန်လိုင်းဝန်ဆောင်မှုတွေကို ပင်လယ်တွင်းနဲ့ဆိပ်ကမ်းတွေမှာ သင်္ဘောသားတွေအတွက်ရရှိဖို့ ခက်ခဲနေဆဲပါ။ သင်္ဘောတွေပေါ်မှာအသုံးပြုနေကြတဲ့ စမတ်ဖုန်းတွေဟာ အခုအချိန်မှာတော့ အသက်ကယ်အကျီတွေလို မဆန်းကြယ်တော့တဲ့အချိန်မှာဆက်သွယ်ရေးအခက်အခဲကတော့ အတော်လေးကြီးတဲ့ကိစ္စတစ်ခုဖြစ်ပြီး ကြားဝင်ဆောင်ရွက်ပေးဖို့လိုတယ်လို့ Trust ( ယုံကြည်အပ်နှံမှု ရန်ပုံငွေအဖွဲ့) က ယူဆထားပါတယ်။

တိုးတက်ကောင်းမွန်တဲ့ အင်တာနက်အသုံးပြုခွင့်ရရှိရေးဟာ ပထမဦးစားပေးလုပ်ငန်းဖြစ်ရမယ်လို့ ကျွန်တော်တို့ကို ခင်ဗျားတို့ပြောခဲ့ကြပါတယ်။ ဒီအချက်ကို ကျွန်တော်တို့ကိုယ်တိုင်နဲ့တခြားသူတွေရဲ့ လေ့လားမှုအရလည်းသိထားပါတယ်။ Trust အဖွဲ့ဟာ ကိုယ်တိုင်တိုးတက်မှုရှိလာစေဖို့ တသမတ်တည်းလုပ်ဆောင်လာခဲ့သလို ကျွန်တော်တို့ရဲ့အနာဂတ်အတွက်ကျွန်တော်တို့ရဲ့အမြင်ကိုတိုးချဲ့ပြီး ကျွန်တော်တို့ရဲ့တာဝန်တွေ ပြန်လည်အားပြည့်လာစေမယ့်စီမံကိန်းတွေကို အကောင်အထည်ဖော်ဖို့ စဉ်းစားနေပါတယ်။ ကျွန်တော်တို့ကိုပြောထားသလို ပိုကောင်းတဲ့ အင်တာနက်ကွန်ယက်ရရှိစေရေးကို အဓိကဦးစားပေးကိစ္စအဖြစ် အခု ကျွန်တော်တို့ ဆောင်ရွက်ထားပါတယ်။

အခုအချိန်မှာတော့ ကျွန်တော်တို့ရဲ့မိုဘိုင်းဝိုင်ဖိုင်စီမံကိန်းအသစ်စက်စက်ကို ရှေ့ပြေးစမ်းသပ် လုပ်ဆောင်နေပါတယ်။ ဒီစီမံကိန်းကတော့သင်္ဘောတွေ ဆိပ်ကမ်းမှာဆိုက်ကပ်ထားတဲ့အချိန်မှာ သင်္ဘောအတွင်းအင်တာနက်ကွန်ယက်ချိတ်ဆက်မှု ကောင်းကောင်းရစေဖို့ရည်ရွယ်ပါတယ်။ အိုင်တီအက်ဖ်စစ်ဆေးရေးမှူးတစ်ဦး သင်္ဘောပေါ်တက်လာတဲ့အခါတိုင်း ထမင်းစားခန်းကိုအခမဲ့ ဝိုင်ဖိုင်ဇုန်တစ်ခုအဖြစ်ပြောင်းလဲပေးနိုင်တဲ့ကိရိယာ တစ်မျိုးကိုသယ်ဆောင်လာကြတော့မှာပါ။

စစ်ဆေးရေးမှူးတွေလည်း ဒီစီမံချက်မှာလက်တွေ့ပါဝင်အသုံးပြုနိုင်မှာဖြစ်တာကြောင့် ဒီစီမံချက်ဘယ်လောက်ထိ ရောက်မှုရှိတယ်ဆိုတာကို ကျွန်တော်တို့ အကဲဖြတ်ပေးနိုင်မှာပါ။

လတ်တလောမှာတော့ အင်တာနက်ဆက်သွယ်ခွင့်မရသေးတဲ့သင်္ဘောတွေပေါ်မှာ သိသိသာသာတိုးတက်မှုရှိလာအောင် ဒီစီမံချက်က ဆောင်ရွက်ပေးနိုင်လိမ့်မယ်လို့ ကျွန်တော်တို့ ယုံကြည်ထားပါတယ်။

Shore Leave ၂.၀ ဟာ ကျွန်တော်တို့ရဲ့ နောက်ဆုံးပေါ်အောင်မြင်မှုအရှိဆုံး offline app ပါ။ သူ့မှာပါတဲ့ feature အသစ်ကတော့ ခင်ဗျားတို့သွားခဲ့တဲ့သင်္ဘောသားဌာနတွေနဲ့ပတ်သက်တဲ့သုံးသပ်ချက် တစ်ရပ်ရပ်ချန်ထားနိုင်စေသလို သင်္ဘောသားတွေကိုအကူအညီပေးဖို့အတွက်ဆက်သွယ်ရမယ့် အချက်အလက်တွေပါထုတ်ပေးပါတယ်။ အကောင်းဆုံးဂြိုဟ်တုဆက်သွယ်ရေးစနစ်တွေ ရနေပေမယ့်လည်း ဝိုင်ဖိုင်ရရှိနိုင်ရေးကတော့ အခက်အခဲတစ်ရပ်အဖြစ်ရှိနေဦးမှာပါ။ ဒါပေမဲ့ download လုပ်လို့ရသွားရင်တော့ Shore Leave လို offline app တွေဟာ အားထားရလောက်တဲ့သတင်းအချက်အလက်ဆိုင်ရာဝန်ဆောင်မှုတွေ ပေးမှာပါ။

ဒါပေမဲ့ အနာဂတ်အတွက် ကျွန်တော်တို့ရဲ့ အရဲတင်းဆုံး ဖြစ်ကောင်းဖြစ်နိုင်တဲ့စီမံကိန်းဟာ ကျွန်တော်တို့ရဲ့ လူကထိန်းချုပ်ခြင်းမရှိတဲ့ သင်္ဘောသားဌာနပေါ်ပေါက်လာရေး စီမံကိန်းနဲ့သက်ဆိုင်ပါတယ်။ ဒီလိုဌာနမျိုးတွေရှိနှင့်ပြီးသားဖြစ်ပေမယ့်လည်း လက်ရှိဝန်ဆောင်မှုတွေမပေးနိုင်တဲ့ ဝေးလံခေါင်ဖျားဒေသမှာရှိတဲ့ဆိပ်ကမ်းတွေကိုရည်ရွယ်ပြီး ကမ္ဘာတစ်ဝန်းမှာအခုလိုဌာနတွေ ကျွန်တော်တို့ ဖွင့်လှစ်ပေးချင်ပါတယ်။ ဒီဌာနတွေဟာ ခင်ဗျားတို့ကို ဆိပ်ကမ်းတွေမှာ တက်ဘလက်ကိုအသုံးပြုပြီး အင်တာနက် ချိတ်ဆက်အသုံးပြုနိုင်စေမှာပါ။ ဒီစီမံကိန်းကတော့ ဆိပ်ကမ်းတွေမှာဝိုင်ဖိုင်အသုံးပြုလို့မရခင်အတွင်း ကာလတိုဖြေရှင်းနည်းတစ်ခုပါ။ ဒါပေမဲ့ ဒီဌာနတွေဟာ အချိန်နည်းနည်းပဲပေးနိုင်တဲ့လသင်္ဘောသားတွေအပါအဝင် ခင်ဗျားတို့မိသားစုဝင်တွေနဲ့ အဆက်အသွယ်ရအောင်ကြိုးပမ်းနေတဲ့သူတွေအတွက်တော့ အခုအချိန်အတောအတွင်းမှာတော့ အလုပ်ဖြစ်မှာပါ။

Trust အဖွဲ့ဟာ အပြောင်းအလဲတွေဖြစ်ပေါ်လာဖို့ဆက်ပြီးကြိုးပမ်းသွားမှာပါ။ ကျွန်တော်တို့ရဲ့နည်းလမ်းတွေဟာ ပညာရှင်ပိုဆန်လာသလို ကျွန်တော်တို့ရဲ့ရည်မှန်းချက်ကလည်း ခင်ဗျားတို့နဲ့မနက်ဖြန်မှာရင်ဆိုင်နေရတဲ့အခက်အခဲတွေကို ပိုပြီးအာရုံစိုက်လာပါတယ်။

ပင်လယ်တွင်းဆက်သွယ်ရေးဟာ ကျွန်တော်တို့ရဲ့ ကျယ်ပြန့်တဲ့ရန်ပုံငွေထောက်ပံ့ရေးနဲ့ စီမံကိန်းရည်မှန်းချက်တွေထဲက ဦးစားပေးလုပ်ငန်းတစ်ခုပါ။ ဒီအပြောင်းအလဲတွေဖြစ်ပေါ်လာဖို့အတွက် ITF သမဂ္ဂတွေ၊ ကိုယ်စားလှယ်အဖွဲ့တွေနဲ့ သင်္ဘောသားတွေစိတ်ချမ်းမြေ့ရေးအတွက် ပါဝင်ပတ်သက်နေတဲ့တခြားအဖွဲ့အစည်းတွေနဲ့ ကျွန်တော်တို့ လက်တွဲပြီးဆောင်ရွက်ဖို့ မျှော်လင့်ထားပါတယ်။ ■

ကျွန်တော်တို့ရဲ့ မိုဘိုင်းဝိုင်ဖိုင်စီမံကိန်းအသစ်ဟာ သင်္ဘောတွေ ဆိပ်ကမ်းမှာ ဆိုက်ကပ်ထားတဲ့ အချိန်မှာ သင်္ဘောအတွင်း အင်တာနက်ကွန်ယက်ချိတ်ဆက်မှုကောင်းကောင်းရစေဖို့ ရည်ရွယ်ပါတယ်။



# ကျွန်တော်တို့ရဲ့ ဆိပ်ကမ်းတွင်းလုပ်ပိုင်ခွင့်အာဏာ အောင်မြင်နေတဲ့ UK နိုင်ငံရဲ့ စက်မှုဆိပ်ကမ်းများ ရှေ့ပြေးအစီအစဉ်

လုပ်ငန်းကဏ္ဍအသီးသီးမှာ အတူပူးပေါင်းဆောင်ရွက်ကြတာဟာ အလုပ်သမားသမဂ္ဂလှုပ်ရှားမှုအတွက် အယူအဆသစ်တစ်ရပ်မဟုတ်ပါဘူး။ သင်္ဘောသားများသမဂ္ဂနဲ့ကုန်တင်ကုန်ချလုပ်သားများသမဂ္ဂတို့ဟာ သင်္ဘောသားတွေအလုပ်ခွင်အခြေအနေ ပိုကောင်းလာစေဖို့နဲ့ လစာနှုန်းတွေတိုးမြင့်လာစေဖို့ ရာစုနှစ်နဲ့ချီပြီး တစ်ဖွဲ့နဲ့တစ်ဖွဲ့ အပြန်အလှန်ကူညီလာခဲ့ကြပါတယ်။ ဒါပေမဲ့ ITF စက်မှုဆိပ်ကမ်းများအစီအစဉ်ဟာ အလုပ်သမားတွေရဲ့စုပေါင်းအားကိုအသုံးချနိုင်ဖို့ ဒီလိုထောက်ပံ့ကူညီတာတွေကို တရားဝင်ဖြစ်စေဖို့နဲ့ ဆက်လက်တိုးချဲ့ဆောင်ရွက်နိုင်ရေးကို အဓိကထားတယ်လို့ ITF ရဲ့ ဆိပ်ကမ်းများဆိုင်ရာဆက်သွယ်ရေးအရာရှိ **Gemma Walker** က အခုလို ရှင်းပြထားပါတယ်။

### ပုံမှန်ဆိပ်ကမ်းအခြေစိုက်ထောက်ပံ့ရေးဆက်ကြောင်း



**သင်္ဘောသားများ**
ကုန်စည်များ၏ ၉၀ ရာခိုင်နှုန်းဝန်းကျင်ဟာ တချို့နေရာတွေမှာထုတ်လုပ်မှုကနေစားသုံးမှုအထိ ခရီးမှာပင်လယ်ရေကြောင်းဖြင့် ခရီးနှင်လာရပါတယ်။ ကုန်စည်တွေကို ဆိပ်ကမ်းဆီသယ်ဆောင်လာတဲ့ သင်္ဘောတွေကိုသင်္ဘောသားတွေကမောင်းနှင်လာတာပါ။

**ကုန်တင်ကုန်ချလုပ်သားများ**
ဆိပ်ကမ်းဆီရောက်လာတဲ့သင်္ဘောတွေပေါ်ကကွန်တိန်နာ (ကုန်သေတ္တာ) တွေကို ဆိပ်ကမ်းကကုန်တင်ကုန် ချလုပ်သားတွေကသင်္ဘောပေါ်ကနေအောက်ကို ချပေးကြပါတယ်။

**ကုန်းလမ်းပို့ဆောင်ရေး**
ကုန်စည်ပါတဲ့ကုန်သေတ္တာတွေကို ထရပ်ကားပေါ်တင်ပြီး (ဧကပေါင်းရာချီကျယ်ဝန်းနိုင်တဲ့) ဆိပ်ကမ်းနယ်မြေအတွင်းက တခြားနေရာ ဒါမှမဟုတ် အပြင်ဖက်က ကုန်လှောင်ရုံတစ်ခုခုဆီပို့ဆောင်ပေးပါတယ်။

**ကုန်လှောင်ရုံ**
ကုန်သေတ္တာတွေကို ကုန်တင်ကားပေါ်ကချပြီး ကုန်စည်တွေကိုကုန်လှောင်ရုံလုပ်သားတွေကဖြန့်ဖြူးရေး ဒါမှမဟုတ် သိုလှောင်ရေးအတွက် ကုန်လှောင်ရုံအတွင်း နေရာချပေးပါတယ်။ ကုန်လှောင်ရုံဟာ ဆိပ်ကမ်းနယ်မြေအတွင်း ဒါမှမဟုတ် ကုန်းလမ်းပို့ဆောင်ရေးလုပ်သားတွေက ကုန်တင်ကားတွေနဲ့ သယ်ပို့ပေးရတဲ့ပြင်ပနေရာတွေမှာ တည်ရှိနိုင်ပါတယ်။

**ဒီအစီအစဉ်ကိုပံ့ပိုးပေးတဲ့ အခြေခံသဘောတရားကတော့ ကဏ္ဍပေါင်းစုံကအလုပ်သမားတွေလာရောက်စုဝေးတဲ့ ပထဝီဝင်အနေအထားအလိုက် နေရာဒေသတွေရှိနေတာကိုဆိုလိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုအချက်အချာကျတဲ့ ဆိပ်ကမ်းတွေကို ကုန်စည်တွေကိုထုတ်လုပ်ခြင်းကနေ ဖြန့်ဖြူးခြင်းအထိ လုပ်ငန်းအဆင့်ဆင့်က ဖြည့်တင်းပေးနေတာကြောင့်ပါ။ ဒါကြောင့် အလုပ်သမားတွေကို ကဏ္ဍအလိုက်သီးသန့်ခွဲထားမယ့်အစား ဆိပ်ကမ်းတည်နေရာဝန်းကျင်မှာ အလုပ်သမားတွေကို စုစည်းထားတာက ပိုအမြော်အမြင်ရှိရာရောက်ပါတယ်။**

> အလုပ်သမားတွေလည်းဖြစ်သမဂ္ဂအဖွဲ့ဝင်တွေလည်းဖြစ်ကြတဲ့ ကျွန်တော်တို့ဟာ ကျွန်တော်တို့နဲ့သက်ဆိုင်ရာကဏ္ဍတွေထဲမှာ နစ်မြုပ်နေပြီး ခြံစည်းရိုးတစ်ဖက်ကသူတွေဘာဖြစ်နေသလဲဆိုတာကို လျစ်လျူရှုထားလို့မရပါဘူး။

ယူဆချက်သီအိုရီအရ စာသင်ကျောင်းတစ်ကျောင်းဖြစ်ဖြစ်၊ ဆေးရုံဖြစ်ဖြစ်၊ စက်မှုဇုန်တစ်ခုဖြစ်ဖြစ် အချက်အချာကျတဲ့နေရာတစ်ခုဟာ စက်မှုဆိပ်ကမ်း တစ်ခုဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ဒီအစီအစဉ်ရဲ့ရှေ့ပြေးအဆင့်ကာလအတွင်းမှာ အဲဒီလိုတည်နေရာတွေအဖြစ် Felixstowe၊ Humber နဲ့ Grangemouth အပါအဝင် UK ဆိပ်ကမ်းတွေကို ရွေးချယ်ထားပါတယ်။

စကော့တလန်က Grangemouth ဆိပ်ကမ်းကို သေသေချာချာလေ့လာကြည့်မယ်ဆိုရင် စကော့တလန်နိုင်ငံရဲ့ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) ရဲ့ ၃၀ ရာခိုင်နှုန်းအထိဟာ ဒီဆိပ်ကမ်းတစ်ခုတည်းက ဖြတ်သန်းနေပါတယ်။ ဒီပမာဏဟာ တစ်နှစ်ကိုစားနပ်ရိက္ခာ၊ ဆောက်လုပ်ရေးပစ္စည်းတွေ၊ ရေနံနဲ့ဓာတုပစ္စည်း စုစုပေါင်းတန်ချိန်ကိုးသန်းပါဝင်တဲ့ကုန်သေတ္တာလုံးရေ ၁၅၀,၀၀၀ နဲ့ ညီမျှပါတယ်။ ဒီဆိပ်ကမ်းမှာ လုပ်ငန်းအသီးသီးကအလုပ်သမားပေါင်းစုံ ပါဝင်ပါတယ်။ သင်္ဘောသားတွေ၊ ဆိပ်ကမ်းကုန်တင်ကုန်ချ အလုပ်သမားတွေ၊ ကုန်တင်ယာဉ်မောင်းတွေ၊ ရေနံချက်စက်ရုံနဲ့ ရေနံဓာတုပစ္စည်းစက်ရုံ လုပ်သားတွေ၊ ရေနံသယ်ကားယာဉ်မောင်းတွေ၊ ကုန်လှောင်ရုံလုပ်သားတွေ၊ စားသောက်ကုန်နဲ့ အဖျော်ယမကာ၊ ထုတ်လုပ်ရေး၊ သန့်ရှင်းရေး၊ အစားအသောက် တင်သွင်းသူများစသဖြင့် အလွှာစုံပါဝင်ပါတယ်။

အရေးပါတဲ့ အုပ်စုတွေစုပေါင်းဆောင်ရွက်တဲ့ပုံစံကို အသုံးပြုပြီး အလုပ်သမားအုပ်စုတွေအချင်းချင်း အကူအညီပေးနိုင်မှာပါ။ ဒါမှအဲဒီမှာရှိတဲ့ အလုပ်ရှင်တွေချမှတ်ထားတဲ့ဆုံးဖြတ်ချက်အပေါ် ဩဇာလွှမ်းမိုးနိုင်လောက်တဲ့စုပေါင်းအားကို ပိုင်ဆိုင်လာကြမှာပါ။ အုပ်စုတစ်ခုစီမှာ စွမ်းအားကိုယ်စီရှိတယ်ဆိုပေမယ့် စုပေါင်းလိုက်တဲ့အခါ အဲဒီစွမ်းအားတွေ ပိုကြီးထွားလာလေ့ရှိပါတယ်။

၂၀၁၅ ခုနှစ် အောက်တိုဘာ လမှာ Grangemouth မှာ ကျင်းပတဲ့အရေးပါတဲ့ စက်မှုလုပ်ငန်းအုပ်စုများသင်တန်းမှာ ပါဝင်တက်ရောက်ခဲ့တဲ့ အိုင်ယာလန်က Unite the Union အဖွဲ့ရဲ့ ကုန်းလမ်းပို့ဆောင်ရေးကဏ္ဍက Paula Brennan က "အလုပ်သမားတွေလည်းဖြစ် သမဂ္ဂအဖွဲ့ဝင်တွေလည်းဖြစ်ကြတဲ့ ကျွန်မတို့ဟာ ကျွန်မတို့ အသိုင်းအဝိုင်းထဲမှာပဲနေသာသလိုနေမယ်၊ ခြံစည်းတစ်ဖက်ကလူတွေ ဖြစ်ချင်ရာဖြစ်ပါစေဆိုပြီး လျစ်လျူရှုထားလို့တော့မဖြစ်ဘူး၊ ကျွန်မတို့ရဲ့ စက်မှုလုပ်ငန်းလုပ်ဖက်အိမ်နီးချင်းတွေလည်း ကျွန်မတို့ ရင်ဆိုင်နေရတဲ့ အခက်အခဲမျိုးတွေကို ရင်ဆိုင်နေရနိုင်တယ်။ ဒါမှမဟုတ် ကျွန်မတို့ကိုအထောက်အကူပေးနိုင်ပေမဲ့ ကျွန်မတို့က မသိတာမျိုးလည်းဖြစ်နေတတ်တယ်" လို့ ပြောကြားခဲ့ပါတယ်။

"အလုပ်ရှင်တွေဆိုတာ ကမ္ဘာအနှံ့မှာ လုပ်ငန်းတွေနဲ့ရင်းနှီးမြှုပ်နှံမှုတွေ ထူထောင်ထားတဲ့ နိုင်ငံသားမျိုးစုံပါဝင်တဲ့ ဧရာမလုပ်ငန်းရှင်တွေဖြစ်နေတော့ ကျွန်မတို့ဘက်ကသွေးစည်းညီညွတ်ရမယ်လေ။ ကဏ္ဍမတူတာတွေ၊ ပထဝီဝင်အနေအထားအရ အတားအဆီးဖြစ်နေတာတွေကို ကျွန်မတို့ ချေဖျက်ပြီး သဘောထားချင်းထပ်တူကျတဲ့ ကမ္ဘာလုံးဆိုင်ရာအလုပ်သမားသမဂ္ဂလှုပ်ရှားမှုကြီးတစ်ခုဖြစ်စေရမယ်။ ဒါဟာ စက်မှုလုပ်ငန်းဆိုင်ရာ အဓိကအုပ်စုတွေပါတဲ့အစီအစဉ်နဲ့ပတ်သက်လို့ ကျွန်မတို့ ဆောင်ရွက်နေတာတွေပါ" လို့ သူက ပြောပါတယ်။

နော်ဝေ စက်မှုစွမ်းအင်လုပ်ငန်းသမဂ္ဂ၊ အိုင်ယာလန်မိတ်ဖက်အဖွဲ့ SIPTU (ဝန်ဆောင်မှု၊ စက်မှုလုပ်ငန်း၊ ပညာရှင်နှင့် နည်းပညာဆိုင်ရာသမဂ္ဂ) နဲ့ အမေရိကန် ညီညွတ်သောသံမဏိလုပ်သားများအဖွဲ့က ကိုယ်စားလှယ်တွေဟာ ဒီအစီအစဉ်ကို ရှေ့ပြေးစမ်းသပ်လုပ်ဆောင်တဲ့ UK က ITF မိတ်ဖက် Unite the Union နဲ့ ပူးတွဲကျင်းပတဲ့ အလုပ်ခွင်ဆွေးနွေးပွဲတွေကို တက်ရောက်ခဲ့ကြပါတယ်။

အာရပ်ကမ္ဘာအပါအဝင် တခြား ITF ဒေသကြီးတွေမှာ အနာဂတ်စီမံကိန်းတွေကို ထူထောင်ဖို့အစီအစဉ်တွေ ချမှတ်ထားပါတယ်။

စက်မှုလုပ်ငန်းအုပ်စုများအစီအစဉ်အကြောင်း အသေးစိတ်သိလိုပါက www.itfhubs.org နဲ့ ဆိုရှယ်မီဒီယာက #OurHubs မှာ ကြည့်ရှုနိုင်ပါတယ်။

Industrial hubs film က သင်တန်းတွေမှာပါဝင်ခဲ့ဖူးတဲ့ တက်ကြွလှုပ်ရှားသူတွေဆီက ပြောတာကို တိုက်ရိုက်နားထောင်ချင်တယ်ဆိုရင်တော့ www.youtube.com/watch?v=ptaWuRR8tRU ကို ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။ ■




# ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်သားများက ကုန်သေတ္တာများအား ကြိုးချည်သည့်အလုပ်ကို လုပ်ခွင့်ပေးရန် ထပ်မံတောင်းဆို

ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်သားများဌာနစိတ်မှ **ITF** လက်ထောက်အတွင်းရေးမှူး **Nigel Venes** က ဆိပ်ကမ်းအလုပ်သမားတွေရဲ့အလုပ်ကို သင်္ဘောသားတွေကလုပ်ကိုင်နေတာကို တားမြစ်ရေးလှုပ်ရှားမှုနဲ့ ပတ်သက်ပြီး သမဂ္ဂတွေဘာကြောင့် ညှိနှိုင်းနေကြတယ်ဆိုတာကို အစီရင်ခံတင်ပြထားပါတယ်။

**“သင်္ဘောပေါ်မှာ အလုပ်ဆင်းတာဝန်ကို အချိန်အကြာကြီးဆင်းပြီးတာတောင်မှ သင်္ဘောပိုင်ရှင်တွေ ဒေါ်လာနည်းနည်းလောက် သက်သာစေဖို့ ကုန်စည်အတင်အချအလုပ်ကို အပိုဆောင်းခိုင်းစားခံနေရတဲ့ သင်္ဘောသားတွေနဲ့ဆုံရတာ မဆန်းပါဘူး။ ဒါပေမဲ့ ဒါဟာ အလုပ်ခွင်ဘေးကင်းရေးအစီအမံတွေကို ချိုးဖောက်ပြီးအန္တရာယ်တွေဖန်တီးပေးရာရောက်ပါတယ်” လို့ UK က ITF စစ်ဆေးရေးမှူးတစ်ဦးဖြစ်တဲ့ Darren Procter က ပြောပါတယ်။**

ဆိပ်ကမ်းကုန်တင်ကုန်ချ အလုပ်သမားတွေဟာ ကုန်ပစ္စည်းအတင်အချ ဘယ်လိုလုပ်ရမလဲဆိုတာကို လေ့ကျင့်သင်ကြားခဲ့သူတွေဖြစ်ပေမယ့် သင်္ဘောသားတွေကတော့ အဲဒါနဲ့ပတ်သက်ပြီး လေ့ကျင့်သင်ကြားလာတဲ့သူတွေ မဟုတ်ပါဘူး။ ကုန်တင်ကုန်ချအလုပ်ဆိုတာ လုပ်ငန်းခွင်ဘေးကင်းရေးအမြင့်ဆုံးစံချိန်စံညွှန်းရှိရမယ့် ကျွမ်းကျင်မှုလုပ်ငန်းတစ်ခုပါ။

အများဆုံးမကြာခဏပေါ်ပေါက်လေ့ရှိတဲ့မတော်တဆမှုတွေထဲကတစ်ခုကတော့ ကုန်တင်ရာမှာ ကရိန်းကိုတည်ငြိမ်အောင် မထိန်းနိုင်တာကြောင့် ကုန်စည်တွေပြိုကျတာ၊ ဒါမှမဟုတ် ဝဲယာယိမ်းထိုးသွားတာမျိုးတွေပါ။ ဒီအခြေအနေဟာ လုပ်ငန်းဆောင်ရွက်နေတဲ့သူတွေကို ဒါမှမဟုတ် အနီးအနားကသူတွေကို ဒဏ်ရာအနာတရဖြစ်စေနိုင်ပါတယ်။ ဒါကြောင့် အလုပ်သမားတွေကို နည်းလမ်းမှန်ကန်စွာ သင်ကြားလေ့ကျင့်ပေးပြီး စက်ယန္တရားတွေကို ကောင်းကောင်းကိုင်တွယ်ထိန်းသိမ်းတတ်စေဖို့နဲ့ အန္တရာယ်တွေကိုလည်း သတိပြုတတ်အောင် သင်ကြားပေးထားဖို့ လိုပါတယ်။

တကယ်လို့ကုန်စည်ဝန်ထုတ်တစ်ထုတ်အောက်ကို ပြုတ်ကျလာရင်အောက်မှာရှိနေတဲ့ သူတစ်ဦးဦးကို အပြင်းအထန်ဒဏ်ရာရစေနိုင်ပါတယ်။ ဥပမာ–ခြေလက်တွေဖြတ်ပစ်ရတာမျိုး ဖြစ်သွားနိုင်ပါတယ်။ ဒါမှမဟုတ် သေဆုံးသွားနိုင်ပါတယ်။ ယိမ်းထိုးနေတဲ့ဝန်ထုတ်တစ်ခုဟာလည်း လူတစ်ယောက်ယောက်ရဲ့ခေါင်း ဒါမှမဟုတ် တခြားခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုခုကို အပြင်းအထန်ဒဏ်ရာရရှိ စေနိုင်ပါတယ်။

ဒီအချက်ကတော့ ITF နဲ့ အသွင်တူ အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ ဥရောပ သယ်ယူပို့ဆောင်ရေးလုပ်သားများအဖွဲ့ချုပ် (ETF) တို့က ဥရောပ ကုန်တင်ကုန်ချအလုပ်သမားများသမဂ္ဂနဲ့အတူ လှုပ်ရှားမှုဆောင်ရွက်ဖို့ညှိနှိုင်းနေတဲ့ အချက်တစ်ချက်ပါ။

ITF သဘောတူစာချုပ်တွေမှာ ရှင်းလင်းတိကျစွာဖော်ပြထားတဲ့ ညွှန်ကြားချက်ပါရှိပေမယ့် (ဘောင်ခတ်စာကိုကြည့်) ဥရောပက ဆိပ်ကမ်းတွေဆီဆိုက်ရောက်လာတဲ့ သင်္ဘောတော်တော်များများမှာလိုက်ပါလာတဲ့ သင်္ဘောသားတွေဟာ ITF ကုန်တင်ကုန်ချ လုပ်သားများသမဂ္ဂရဲ့ သဘောတူညီချက်ကိုရယူထားခြင်းမရှိဘဲ ကုန်သေတ္တာတွေကိုကြိုးချည်ရတဲ့ တာဝန်တွေကို ဆောက်ရွက်နေကြတာကို ကျွန်တော်တို့ တွေ့ရှိထားပါတယ်။

ဒါကြောင့် ITF နဲ့ ETF တို့ဟာ အဲဒီလိုမကြာခဏ ဥပဒေချိုးဖောက်နေသူတွေကို စုံစမ်းစစ်ဆေးဖို့နဲ့ ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်သားတွေက ကုန်အတင်အချလုပ်ငန်းအားလုံးကို လုပ်ကိုင်ခွင့်အမှန်တကယ်ရရှိစေဖို့ ပူးပေါင်းဆောင်ရွက်နေကြတာပဲဖြစ်ပါတယ်။

ဒီအဖွဲ့ဟာ အဲဒီလိုပြဿနာတွေကို လုပ်ငန်းဆိုင်ရာ၊ နိုင်ငံရေးနဲ့တရားဥပဒေဆိုင်ရာ ရှုထောင့်တွေကနေ သုံးသပ်ကြည့်ရှုနေပါတယ်။ ကုန်အတင်အချပြဿနာတွေကိုဖြေရှင်းနေတဲ့ ITF စစ်ဆေးရေးမှူးတွေဆီကနေ အခုထက်ပိုပြီးစိတ်ဝင်တစားဆောက်ရွက်ပေးမှုတွေနဲ့ သင်္ဘောသားတွေရဲ့ ကျန်းမာရေးနဲ့ ဘေးကင်းရေးကို အန္တရာယ်ပြုနိုင်ချေရှိတဲ့အချက်တွေအပေါ် အာရုံစိုက်ဆောင်ရွက်ပေးမှုတွေရှိလာဖို့မျှော်လင့်နိုင်ပါတယ်။

သင်္ဘောကုမ္ပဏီတွေနဲ့ပတ်သက်ပြီး ITF က ချမှတ်ထားတဲ့သဘောတူစာချုပ်တွေကို ကျူးလွန်ဖောက်ဖျက်ဖို့ကြိုးစားနေကြတဲ့ အလုပ်ရှင်တွေကို ကျွန်တော်တို့က အပြင်းထန်ဆုံးသတိပေးပို့လိုက်ကြောင်းအာမခံနိုင်ဖို့ ဒီလုပ်ငန်းမှာပါဝင်ပတ်သက်နေတဲ့ အလုပ်သမားအုပ်စုတွေ စည်းစည်းလုံးလုံးရှိအောင် ကျွန်တော်တို့ကြိုးပမ်းအားထုတ်နေပါတယ်။

ရည်မှန်းချက်ကတော့ ဒီလှုပ်ရှားမှုကို ဥရောပတိုက်အတွင်းအစပျိုးထူထောင်ဖို့ပါ။ နောက်ပိုင်းကျမှ ဒီလှုပ်ရှားမှုကို ဒေသတစ်ခုချင်းအလိုက်ဆောင်ရွက်ရင်း ကမ္ဘာတစ်ဝှမ်းလုံးကပရိသတ်တစ်ရပ်လုံးဆီရောက်အောင် တိုးချဲ့စည်းရုံးဆောင်ရွက်သွားဖို့ရည်ရွယ်ထားပါတယ်။ ဂျာမနီနိုင်ငံက ver di၊ UK Unite နဲ့ ဆွီဒင်၊ နော်ဝေနဲ့ဖင်လန်နိုင်ငံက ပို့ဆောင်ရေးသမဂ္ဂတွေအပါအဝင် ဥရောပနိုင်ငံတွေကသမဂ္ဂတွေက ဒီကိစ္စအတွက် ဦးစီးဆောင်ရွက်နေကြပါတယ်။ ITF နဲ့ ETF တို့ဟာ ဒီလုပ်ငန်းကို ညှိနှိုင်းဆောင်ရွက်လျက်ရှိကြပြီး ဒီလှုပ်ရှားမှုထူထောင်ရေးမှာ သမဂ္ဂတွေပိုမိုပါဝင်လာစေဖို့ ဖိတ်ခေါ်နေပါတယ်။

> သင်္ဘောသားတွေကို ကျွန်တော်တို့ ပါးလိုတဲ့အသိနိုးစကားကတော့ရှင်းပါတယ်။ ကျေးဇူးပြုပြီး ဆိပ်ကမ်းကုန်တင်ကုန်ချ အလုပ်သမားတွေရဲ့ အလုပ်ကိုမလုပ်ကြပါနဲ့၊ တကယ်လို့ သင်တို့ကို ကုန်စည်အလုပ်ကိုလုပ်ခိုင်း တယ်ဆိုရင် ITF သမဂ္ဂတစ်ရပ်ကစာနဲ့ သဘောတူညီချက် မိတ္တူတစ်စောင်ကိုအရင်တောင်းကြည့်ပြီးမှ အဲဒီအလုပ်ကိုလက်ခံကြပါ။

ITF သင်္ဘောသားရေးရာဌာနစိတ်ရဲ့ ပူးတွဲဥက္ကဋ္ဌနဲ့ ITF အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ Thomas Abrahamsson က “ဒီပြဿနာဟာ ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်သားတွေအတွက် အရေးကြီးသလို သင်္ဘောသားတွေအတွက်လည်း အရေးကြီးပါတယ်။ ကုန်တင်ကုန်ချလုပ်သားတွေလုပ်ရမယ့်အလုပ်တွေကို သင်္ဘောသားတွေကို အတင်းမလုပ်ခိုင်းသင့်ပါဘူး။ သူတို့တွေ သင်္ဘောပေါ်မှာနေ့စဉ်နဲ့အမျှ တာဝန်ယူနေရတဲ့ အလုပ်ပမာဏဟာ အလုပ်ရှင်တွေက ဈေးအပေါဆုံးနည်းလမ်းနဲ့ ကုန်တင်ကုန်ချလုပ်သားတွေရဲ့လုပ်ငန်းတာဝန်တွေကို အပိုထပ်ခိုင်းမစားဘဲနဲ့တောင် လိုတာထက်ပိုနေပါပြီဗျာ” လို့ ပြောထားပါတယ်။

ဆိပ်ကမ်းကုန်တင်ကုန်ချ လုပ်သားတွေနဲ့ သင်္ဘောသားတွေဟာ အစဉ်အလာအားဖြင့် တစ်ဦးရဲ့ကျွမ်းကျင်မှုနဲ့အတွေ့အကြုံကို တခြားတစ်ဦးကလေးစားကြပြီး လုပ်ငန်းခွင်အခြေအနေတွေတိုးတက်ကောင်းမွန်လာစေဖို့ကိုလည်း တစ်ဦးနဲ့တစ်ဦးအပြန်အလှန် ထောက်ခံအားပေးလေ့ရှိကြပါတယ်။ ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်သားများသမဂ္ဂတွေဟာ သင်္ဘောသားများသမဂ္ဂတွေအခက်အခဲကြုံတိုင်း ကျော်လွှားအနိုင်ယူနိုင်အောင်ထိရောက်စွာ အကူအညီပေးခဲ့ကြပါတယ်။ အခုတော့ ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်သားများသမဂ္ဂတွေဟာ သင်္ဘောသားတွေရဲ့ အကူအညီနဲ့သွေးစည်းညီညွတ်မှုကို လိုအပ်နေပါတယ်။

တကယ်လို့ သင်္ဘောမှာ ITF သဘောတူစာချုပ်တစ်ရပ်နဲ့ အကာအကွယ်ရယူထားတယ်ဆိုရင် သင်္ဘောဆိပ်ကမ်းမကပ်ခင်နဲ့ ဆိပ်ကမ်းကပ်ပြီးချိန်မှာ ကုန်စည်တွေကိုကြိုးချည်တာနဲ့ကြိုးဖြည်တာအပါအဝင် ကုန်တင်ကုန်ချအလုပ်တွေကို သင်္ဘောသားတွေက တာဝန်ယူစရာမလိုပါဘူး။ ကုန်တင်ကုန်ချအလုပ်ဟာ အန္တရာယ်များတဲ့အပြင် အလုပ်ချိန်ပိုကြာမြင့်ပြီး ပိုပင်ပန်းစေတဲ့ အလုပ်မျိုးပါ။

“ကျွန်တော်တို့ မိတ်ထက်အဖွဲ့အစည်းအားလုံးကလည်း သင်္ဘောပေါ်ကကုန်စည်တွေကိုအတင်အချလုပ်တာဟာသမိုင်းကြောင်းအရရော၊ အစဉ်အလာအရပါ ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်သားတွေရဲ့ အလုပ်ဆိုတာကို လက်ခံကြပါတယ်။ ဒါပေမဲ့ ဒီအလုပ်ကို အလုပ်ဒဏ်ပိနေတဲ့ သင်္ဘောသားတွေကိုပဲထပ်ပြီး တာဝန်ယူခိုင်းဖို့ ကြိုးစားနေတဲ့ သင်္ဘောလုပ်ငန်းရှင်အရေအတွက်ဟာတိုးလာနေတာကို ကျွန်တော်တို့ တွေ့နေရပါတယ်”လို့ ITF ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်သားများဌာနရဲ့ ဥက္ကဋ္ဌ Torben Seebold က ပြောပါတယ်။ “ကျွန်တော်တို့ကတော့ ဒီကိစ္စကို လက်မခံနိုင်ပါဘူး။ သင်္ဘောကုမ္ပဏီတွေဟာ ကျွန်တော်တို့နဲ့ လက်မှတ်ရေးထိုးထားတဲ့ သဘောတူစာချုပ်တွေမှာပါတဲ့ စည်းကမ်းချက်တွေကိုလိုက်နာဖို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်” လို့ သူက ပြောပါတယ်။ ■

## ITF သဘောတူစာချုပ်တွေက ခုလိုဖော်ပြထားပါတယ်။

“သင်္ဘောသားဖြစ်စေ၊ ကုမ္ပဏီကအမြဲတမ်းဖြစ်စေ ယာယီအလုပ်ခန့်ထားခြင်းကြောင့်ဖြစ်စေ သင်္ဘောပေါ်တွင်လိုက်ပါလာသူတစ်ဦးဦးကို အစဉ်အလာအားဖြင့်သော်လည်းကောင်း သမိုင်းကြောင်းအရသော်လည်းကောင်း ဆိပ်ကမ်းလုပ်သားများကသာလုပ်ကိုင်လေ့ရှိသည့် ကုန်အတင်အချနှင့် အခြားအလုပ်တို့ကို သက်ဆိုင်ရာ ITF ဆိပ်ကမ်းလုပ်သားများသမဂ္ဂ (သို့) ITF သမဂ္ဂများ၏ ကြိုတင်သဘောတူညီချက်မရရှိဘဲ ဆောင်ရွက်ခြင်းမပြု၊ အကယ်၍ သင်္ဘောသားများကိုယ်တိုင်က ယင်းတာဝန်များကိုစေတနာအလျောက် ဆောင်ရွက်ခြင်းဖြစ်ပါက ၎င်းတို့အားထိုက်သင့်သည့်အဖိုးအခပေးဆောင်ရမည်။ ဤစာပိုဒ်၏ ရည်ရွယ်ချက်အလို့ငှာ ”ကုန်အတင်အချ” ဆိုရာ၌ ကုန်တင်ခြင်း၊ ကုန်ချခြင်း၊ **conveyor belt** ဖြင့် သယ်ပို့ခြင်း၊ သယ်ချခြင်း၊ လောင်းထည့်ခြင်း၊ ကုန်စည်အထားအသိုညီညာအောင်ညှိပေးခြင်း၊ အမျိုးအစားခွဲခြင်း၊ အရွယ်အစားခွဲခြားခြင်း၊ အထပ်လိုက်စီခြင်း၊ အထပ်လိုက်ပြန်ချခြင်းနှင့် တစ်ခုချင်းစီရှိသောကုန်စည်များကိုစုစီထားခြင်း၊ ခွဲထုတ်ခြင်းတို့ပါဝင်နိုင်သည်။ သို့သော် ထိုသို့ကန့်သတ်ထားခြင်းမရှိစေရ။ ထို့အပြင် ကုန်စည်များနှင့်ဆက်စပ်နေသော ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် တာလီစာရင်းမှတ်ခြင်း၊ အလေးချိန်ခြင်း၊ တိုင်းတာခြင်း၊ **cubing**၊ စစ်ဆေးခြင်းလက်ခံခြင်း၊ ထိန်းသိမ်းခြင်း၊ ပေးပို့ခြင်း၊ နမူနာထားခြင်းနှင့် တံဆိပ်နှိပ်ခြင်း ကြိုးချည်ခြင်းနှင့် ကြိုးဖြေခြင်းတို့လည်း ပါဝင်သည်ဟုမှတ်ယူရမည်။

# ရေလုပ်သားတွေအပေါ် လုပ်အားခခေါင်းပုံဖြတ်နေမှုကို အလေးထားဖော် ပြခြင်း

ကျွန်ပြုမှု၊ လူမှောင်ခိုမှုနဲ့ ငါးဖမ်းလုပ်ငန်းတွေမှာ ခေါင်းပုံဖြတ်အမြတ်ထုတ်မှုစတဲ့ပြဿနာတွေမှာ လူသိများပေမဲ့ တုန်လှုပ်ချောက်ချားဖွယ်ကောင်းအောင် ဆက်လက်ကြီးထွားနေဆဲဖြစ်ပါတယ်။ တကယ်တမ်း ကျွန်တော်တို့က ရှာဖွေဖော်ထုတ်နိုင်လေ ဖြစ်ပျက်နေတဲ့အခြေအနေက ပိုဆိုးလာလေ ဖြစ်တယ်။ ပင်လယ်ကမ်းဝေးငါးဖမ်းသင်္ဘောတွေပေါ်မှာ အလုပ်လုပ်နေကြတဲ့ ရေလုပ်သားတွေက အစိုးရ ဒါမှမဟုတ် တခြားအာဏာပိုင်တွေနဲ့ အလှမ်းဝေးနေကြတာကြောင့် အထူးသဖြင့် အနိုင်အထက်ပြုခံရဖို့နီးစပ်နေပါတယ်။ ပင်လယ်ကူးသင်္ဘောသား များသတင်းလွှာက မကြာသေးမီကဖြစ်ရပ်တွေကို လေ့လာဆန်းစစ်လျက်ရှိပြီး လုပ်အားခေါင်းပုံဖြတ်မှုကို တိုက်ဖျက်ဖို့ နောက်ဆုံးကြိုးပမ်းအားထုတ်မှုတွေကို သုံးသပ်နေပါတယ်။

## ကျွန်တွေတင်ဆောင်လာတဲ့ လှေတွေ ပါပူအာနယူးဂီနီရဲ့ ငါးဖမ်းကွက်များဆီကို ဦးတည်ခုတ်မောင်း

**အေပီ (AP) သတင်းဌာနက တစ်နှစ်ကြာစုံစမ်းစစ်ဆေးမှုအရ အင်ဒိုနီးရှားနိုင်ငံ၊ ဘင်ဂျီနာ (Benjina) ကျွန်းပတ်ဝန်းကျင်ရှိ ကျွန်များဖမ်းဆီးရမိတဲ့ ပင်လယ်ငါးပုစွန်တွေကို ထိုင်းနိုင်ငံကို တင်ပို့ပြီး အဲဒီကတစ်ဆင့် အမေရိကန်ပြည်ထောင်စုရှိ စားနပ်ရိက္ခာရောင်းချတဲ့ကုမ္ပဏီကြီးတွေနဲ့ တိရစ္ဆာန်အစာထုတ်လုပ်ရောင်းချတဲ့ကုမ္ပဏီကြီးတွေရဲ့ ဖြန့်ဖြူးရေးလုပ်ငန်းအဆင့်ဆင့်ထံတင်ပို့နေတဲ့ ယုတ်မာရက်စက်ကြမ်းကြုတ်လှတဲ့ လူကုန်ကူးဂိုဏ်းတစ်ဂိုဏ်းကို ဖော်ထုတ်နိုင်ခဲ့ပါတယ်။**


AP/PA

ရေလုပ်သားတွေကို လှောင်အိမ်တစ်ခုထဲမှာ ပိတ်လှောင်ထားတဲ့အကြောင်း၊ လူ ၆၀ ကျော်ရဲ့အလောင်းတွေကို နာမည်လွှဲတွေနဲ့ ကုမ္ပဏီတစ်ခုရဲ့ သင်္ချိုင်းမှာမြှုပ်နှံထားတဲ့အကြောင်းနဲ့ တခြားသူတွေမှာလည်း နှစ်ပေါင်းများစွာ ပိတ်လှောင်ခံနေရပြီး အိမ်ပြန်ဖို့လမ်းမမြင်တဲ့အကြောင်း သတင်းစာဆရာတွေက ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

သူတို့ဟာ ထိုင်းနိုင်ငံမှာအလုပ်လုပ်ရမယ်လို့ ကတိပေးပြီး လိမ်လည်လှည့်ဖြားခံခဲ့ရတဲ့ မြန်မာ၊ ကမ္ဘောဒီယားနဲ့ လာအိုနိုင်ငံတွေက သနားစရာ ရွှေ့ပြောင်းလာသူတွေဖြစ်ပါတယ်။ ကတိပေးတဲ့အတိုင်းဖြစ်မလာဘဲ သူတို့ရဲ့နိုင်ငံကူးလက်မှတ်တွေနဲ့ နိုင်ငံသားမှတ်ပုံတင်ကဒ်တွေကို အသိမ်းခံလိုက်ရတယ်။ အဲဒီနောက် သူတို့ကို ငါးဖမ်းလှေတွေပေါ် အတင်းတက်ခိုင်းပြီး သူတို့က ငါးဖမ်းတဲ့အလုပ်ကို ၃ နှစ်လုပ်ပေးရမှာဖြစ်တဲ့အကြောင်းနဲ့ သူတို့ရဲ့စာရွက်စာတမ်းတွေအတွက် အမေရိကန်ဒေါ်လာ ၆၀၀ နီးပါးအကြွေးတင်နေတယ်လို့ သူတို့ကို ပြောတယ်။ အဲဒီသတင်းအရ ၂၀၁၅ ခုနှစ် ဧပြီလ မှာ လူ ၈၀၀ ကျော်ကိုကယ်ဆယ်ပြီး သူတို့ရဲ့နေရပ်အသီးသီးကို ပြန်ပို့ပေးနိုင်ခဲ့ကာ လူ ၇ ဦးကို လူကုန်ကူးမှုနဲ့တရားစွဲထားပါတယ်။ ဒါပေမဲ့ ငါးဖမ်းစက်လှေ ၃၄ စင်းက လှေတစ်စင်းစီပေါ်မှာ လူ ၂၀ ကိုတင်ပြီး အာဏာပိုင်တွေရောက်မလာခင် ကျွန်တွေထား



Photo: Chris Kelly

## အိုင်ယာလန်ငါးဖမ်းလုပ်ငန်းက ရွှေ့ပြောင်းလုပ်သားတွေကို အနိုင်အထက်ပြုမှုအပေါ် အရေးယူးရေး ITF နှိုးဆော်

**အိုင်ယာလန်ငါးဖမ်းလုပ်ငန်းမှာ နောက်ဆုံးဖြစ်ပေါ်နေတဲ့အခြေအနေတွေကို ITF ရဲ့ UK နိုင်ငံနဲ့ အိုင်ယာလန်နိုင်ငံဆိုင်ရာ ညှိနှိုင်းရေးမှူး Ken Fleming က အခုလိုပဲ ဖော်ပြထားပါတယ်။**

၂၀၀၈ ခုနှစ်မှာ အိုင်ယာလန်ငါးဖမ်းရေယာဉ်စုမှာရှိတဲ့ ရွှေ့ပြောင်းလုပ်သားတွေအတွက် အလုပ်ခွင်အခြေအနေတွေနဲ့ ပတ်သက်ပြီး ITF က ပထမအကြိမ် သတိပေးချက်ကို ထုတ်ပြန်ခဲ့ပါတယ်။ ဒါပေမဲ့ အိုင်ယာလန်အစိုးရနဲ့ငါးဖမ်းလုပ်ငန်းတို့က မသိကျိုးကျွံပြုနေခဲ့ပါတယ်။ ကျွန်တော်တို့က ထိုင်းနိုင်ငံ ငါးပုစွန်လုပ်ငန်းမှာကျွန်ပြုမှုကို ဖော်ထုတ်ဖို့ UK နိုင်ငံမှာရှိတဲ့ ဂါးဒီးယန်းသတင်းစာက သတင်းစာဆရာတွေနဲ့ အရင်ကလက်တွဲဆောင်ရွက်ခဲ့ဖူးလို့ အခုလည်းသူတို့နဲ့ ထပ်မံဆက်သွယ်ခဲ့ပါတယ်။ သူတို့ရဲ့နှစ်လုံးပေါက်စုံစမ်းထောက်လှမ်းတဲ့ကာလအတွင်း သတင်းထောက်တွေက ပုစွန်နဲ့ငါးဖမ်းဆီးတဲ့ အိုင်ယာလန်ငါးဖမ်းသင်္ဘောတွေပေါ်မှာ အထောက်အထားစာရွက်စာတမ်းမရှိတဲ့ အာဖရိကနဲ့ အာရှနိုင်ငံတွေက ရွှေ့ပြောင်းလုပ်သားတွေကို လုပ်အားခသက်သာစေဖို့ တရားမဝင်ခိုင်းစားထားတဲ့အကြောင်း ဖော်ထုတ်နိုင်ခဲ့ပါတယ်။ အဲဒီရေလုပ်သားတွေက သူတို့အပေါ် အနိုင်အထက်ပြုပုံမျိုးစုံကို ပြောပြကြပါတယ်။ သူတို့က သူတို့ရဲ့ငါးဖမ်းရေယာဉ်မှူးက ခွင့်မပြုရင်ကမ်းပေါ်တက်ခွင့်မရဘဲ ရေယာဉ်တွေပေါ်မှာသာနေကြရကြောင်း၊ လစာကိုလည်း တကယ်လို့ သူတို့က တရားဝင်အလုပ်ခန့်ထားရင်ပေးမယ့် အိုင်ယာလန်နိုင်ငံရဲ့ အနည်းဆုံးလုပ်ခရဲ့ ထက်ဝက်ထက်လျှော့ပြီးပေးကြောင်း၊ ဒါတင်မက အလုပ်ကိုနေ့ရောညပါလုပ်ရတာကြောင့် တစ်ညကို သုံးလေးနာရီသာအိပ်ရပြီး နားရက်လည်းလုံးဝမရှိတဲ့အကြောင်းတွေကို သူတို့က အသေးစိတ်ပြောပြကြပါတယ်။

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၂ ရက်မှာ ဂါးဒီးယန်းသတင်းစာရဲ့ ဖော်ထုတ်မှုကြောင့် ပေါ်ပေါက်လာခဲ့ရတဲ့ ဒီမကောင်းသတင်းကိုအကြောင်းပြုပြီး အိုင်ယာလန်အစိုးရက အဆင့်မြင့်အထူးလုပ်ငန်းအဖွဲ့ တစ်ရပ်ကို ချက်ချင်းဖွဲ့စီးပေးခဲ့ပြီး ITF နဲ့ ဒီလုပ်ငန်းမှာရှိတဲ့ တခြားအဖွဲ့အစည်းတွေထံက အထောက်အထားတွေရ ယူခဲ့ပါတယ်။ အဲဒီနှစ် ဒီဇင်ဘာ ၁၄ ရက်မှာ ပုံနှိပ်ထုတ်ဝေတဲ့သူ့ရဲ့အစီရင်ခံစာမှာ ရွှေ့ပြောင်းလုပ်သားတွေအပေါ် လုပ်အားခေါင်းပုံဖြတ်မှုကို အဆုံးသတ်စေမယ့် စနစ်သစ်တစ်မျိုးကို အဲဒီအထူးလုပ်ငန်းအဖွဲ့က အကြံပြုတိုက်တွန်းထားပါတယ်။ အဲဒီစနစ်သစ်မှာ ဥရောပစီးပွားရေးနယ်ပယ်ပြင်ပက ရေလုပ်သားတွေစုစောင်းရေးအတွက် သတ်မှတ်ထားတဲ့ အလုပ်လုပ်ခွင့်လက်မှတ် (work permit) တွေနဲ့ အလုပ်ရှင်ဘက်ကလည်း အလုပ်သမားတွေအားလုံးမှာတရားဝင် ထောက်ခံထားပြီး ဖဖအိုင်ယာလန်နိုင်ငံနဲ့ အီးယူအလုပ်သမားအခွင့်အရေး ဥပဒေနဲ့ အညီထုတ်ပေးထားတဲ့ ခိုင်မာတဲ့အလုပ်ခန့်ထားမှုဆိုင်ရာ ပဋိညာဉ်တစ်ရပ်ရှိကြောင်း အာမခံဖို့တာဝန်ယူစေရမယ် ဆိုတဲ့ အချက်တွေပါဝင်ပါတယ်။

ဒီအကြံပြုတိုက်တွန်းချက်တွေကို ကျွန်တော်တို့က ကြိုဆိုပါတယ်။ ဒါပေမဲ့ ထိရောက်တဲ့စစ်ဆေးမှုနဲ့ ဥပဒေအရထိန်းကွပ်မှုမရှိရင် ဒီလုပ်ကိုင်ခွင့် (permits) တွေက တန်ဖိုးမဲ့သွားမှာဖြစ်တယ်လို့ အစိုးရကို ကျွန်တော်တို့က သတိပေးထားပါတယ်။ ဒီအဆိုပြုချက်အသစ်တွေကို အတင်းအကြပ်လိုက်နာဖို့ တိုက်တွန်းအားပေးနေတယ်လို့ စွပ်စွဲခံရတဲ့အဖွဲ့အစည်းအများစုက အရင်အုပ်ချုပ်ရေးအဖွဲ့အပေါ် ဩဇာညောင်းခဲ့တဲ့ အဖွဲ့အစည်းတွေဖြစ်နေကြတာကိုလည်း ကျွန်တော်တို့ကစိုးရိမ်ပူပန်မိပါတယ်။ အခုအချိန်မှာ ကျွန်တော်တို့က အမှန်အတိုင်းဖြစ်အောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဂါးဒီးယန်းသတင်းစာပါ ဖော်ပြချက်ကို www.theguardian.com/global-development/2015/nov/02/revealed-trafficked-migrant-workers-abused-in-irish-fishing-industry နဲ့ အိုင်ယာလန်အစိုးရအထူးလုပ်ငန်းအဖွဲ့ရဲ့ အစီရင်ခံစာကို www.agriculture.gov.ie/media/migration/publications/2015/TaskForceReport141215.pdf တို့မှာ ဖတ်ရှုနိုင်ပါတယ်။ ■

ရှိရာ ကျွန်းကထွက်ပြေးတိမ်းရှောင်သွားခဲ့ပါတယ်။ AP သတင်းဌာနက မျက်မြင်သက်သေတွေရဲ့ပြောပြချက်တွေ၊ ဂြိုဟ်တုဓာတ်ပုံတွေနဲ့ အများပြည်သူမှတ်တမ်းတွေကို အသုံးပြုပြီး အနောက်ပါပူအာနယူးဂီနီမှာရှိတဲ့ ကျဉ်းမြောင်းတဲ့ရေလက်ကြားတစ်ခုထဲမှာ ပျောက်ဆုံးနေတဲ့ရေယာဉ်တချို့ကို ၂၀၁၅ ခုနှစ် ကုန်တဲ့အထိရှာဖွေခဲ့ပါတယ်။

အာဏာပိုင်တွေက ငါးဖမ်းကွက်တွေကို ဝေဟင်ကနေ လေယာဉ်နဲ့ရှာဖွေခဲ့ပြီး ရေယာဉ်တချို့ကိုရပ်တန့်ခိုင်းခဲ့ပါတယ်။ ထိုင်းလူမျိုးပိုင် Blissful Reefer သင်္ဘောပေါ်ကရေလုပ်သား ၈ ယောက်ကိုကယ်တင်ခဲ့ပြီး နေရပ်ကိုပြန်ပို့ပေးခဲ့ပါတယ်။ ဒီသင်္ဘောဟာ အဲဒီနိုင်ငံမှာကျွန်အဖြစ်ခိုင်းစားမှုအတွက်အဖမ်းခံရတဲ့ ပထမဆုံးသင်္ဘောဖြစ်ခဲ့တယ်။

ရေယာဉ်တွေပုန်းအောင်းနေခိုက်မှာ အင်ဒိုနီးရှားစုံစမ်းရေးအရာရှိတွေက သူတို့ရဲ့ပိုင်ရှင်ဖြစ်တဲ့ Pusaka Benjina Resources ဟာ ထိုင်းနိုင်ငံနဲ့ အင်ဒိုနီးရှားနိုင်ငံတွေက ပင်လယ်ငါးပုစွန်လုပ်ငန်းရှင်သူဌေးကြီးတွေနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေပူးပေါင်းထားတဲ့ ဖက်စပ်လုပ်ငန်းတစ်ခုဖြစ်နေတာကို စုံစမ်းတွေ့ရှိခဲ့တယ်။ ယင်းက Silver Sea Fishery Co., အမည်ရှိ သင်္ဘောကုမ္ပဏီတစ်ခုနဲ့ ဝင်ငွေအမြောက်အမြားရရှိတဲ့ စီးပွားရေးလုပ်ငန်းတစ်ခုကို လုပ်ကိုင်နေကြောင်းနဲ့ ကျွန်ပြုခံရတဲ့ရေလုပ်သားတွေက Benjin ပေါ်ရှိကုန်တွေကို ထိုင်းနိုင်ငံကိုဦးတည်ခုတ်မောင်းမယ့် Silver Sea ကုမ္ပဏီပိုင်သင်္ဘောတွေပေါ် တင်ပေးနေကြောင်း ဘဏ္ဍာရေးမှတ်တမ်းတွေအရသိခဲ့ရပါတယ်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာလနှောင်းပိုင်းမှာ ငါးဖမ်းသင်္ဘောတွေနဲ့အရောင်းအဝယ်လုပ်နေတဲ့ Silver Sea ၂ သင်္ဘောကို ဂြိုဟ်တုဓာတ်ပုံတွေအကူအညီနဲ့ AP သတင်းဌာနက ဖမ်းမိသွားခဲ့ပါတယ်။ အဲဒီသင်္ဘောပေါ်က လူတွေကိုကယ်တင်လို့ ရ မရ ကိုစောင့်ကြည့်ရမှာဖြစ်ပါတယ်။ ဒီဖြစ်ရပ်နဲ့ပတ်သက်ပြီး ထပ်မံသိလိုတာတွေကို www.bigstory.ap.org/article/43d910ad09784c6ab019013bc1e2d348/ap-investigation-prompts-new-round-slave-rescues နဲ့ www.telegraph.co.uk/news/worldnews/australiaandthepacific/papuanewguinea/11765597/Slave-boats-tracked-by-satellite-to-Papua-New-Guinea-fishing-grounds.html တို့မှာဖတ်ကြည့်ပါ။ ■

## လူကုန်ကူးမှုကိုဖြေရှင်းဖို့ ဆိပ်ကမ်းတွေကိုပစ်မှတ်ထားခြင်း

ဆိပ်ကမ်းတွေကအခမ့်စေခိုင်းဖို့နဲ့ လိင်ကျွန်အဖြစ်အသုံးချဖို့အတွက် လူကုန်ကူးခံရသူတွေအတွက် ခရီးတစ်ထောက်နားရာ ကြားစခန်းတွေဖြစ်တာကြောင့် ငါးဖမ်းလုပ်ငန်းနဲ့ ပင်လယ်ရေကြောင်းလုပ်ငန်းတွေမှာလူမှောင်ခိုမှုနဲ့ လူကုန်ကူးမှုတွေကိုတိုက်ဖျက်ဖို့ ဒီဆိပ်ကမ်းတွေကိုထိရောက်တဲ့ပစ်မှတ်တွေအဖြစ် သတ်မှတ်ရမယ်လို့ ပင်လယ်ပြင်ဆိုင်ရာ မူဝါဒချမှတ်ရေးအဖွဲ့ Apostleship of the Sea (AoS) က ပြောပါတယ်။

ကမ္ဘာတစ်ဝန်းမှာရှိတဲ့သူ့ရဲ့ကွန်ယက်က အစိုးရတွေ၊ သင်္ဘောမှတ်ပုံတင်လုပ်ငန်းနိုင်ငံတွေ၊ ဆိပ်ကမ်းအာဏာပိုင်တွေနဲ့ ကမ်းခြေစောင့်တပ်ဖွဲ့တွေကို ဆိပ်ကမ်းမှာရှိတဲ့ ငါးဖမ်းသင်္ဘောတွေကိုစစ်ဆေးမှုတွေ တိုးမြှင့်လုပ်ဆောင်ဖို့နဲ့ရေလုပ်သားတွေရဲ့ လူ့အခွင့်အရေးနဲ့ အလုပ်သမားအခွင့်အရေးတွေနဲ့ပတ်သက်တဲ့တည်ဆဲ အပြည်ပြည်ဆိုင်ရာစည်းမျဉ်းတွေနဲ့ သဘောတူစာချုပ်တွေကို တိတိကျကျအကောင်အထည်ဖော်ဖို့ မေတ္တာရပ်ခံလျက်ရှိပါတယ်။

လူကုန်ကူးမှုကိုတိုက်ဖျက်ဖို့နဲ့ လူကုန်ကူးခံရသူတွေကိုအကူအညီပေးဖို့ ခရစ်ယာန်အသင်းတော်တွေနဲ့ လက်တွဲဆောင်ရွက်နေကြတဲ့ အဖွဲ့အစည်းတွေရဲ့ လက်ခွဲအဖွဲ့ဝင်များကွန်ယက်တစ်ခု (COATNET) ကလည်း ပင်လယ်ငါးပုစွန်ထုတ်လုပ်တဲ့ ကုမ္ပဏီတွေ၊ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတွေနဲ့ စားသုံးသူတွေနဲ့ချိတ်ဆက်ပြီး အခမ့်ခိုင်းစေခံရ သူတွေရဲ့လုပ်အားကိုအသုံးမပြုဘဲ သူတို့ရဲ့ပဋိညာဉ်တွေမှာလည်း လူကုန်ကူးမှုဆန့်ကျင်ရေးလမ်းညွှန်ချက်တွေနဲ့ မူဝါဒတွေပါရှိတဲ့ ကုန်ပစ္စည်းပေးပို့သူတွေကို ပင်လယ်ငါးပုစွန် ထုတ်လုပ်ရေးကုမ္ပဏီတွေက အသေအချာစိစစ်ရွေးချယ်ဖို့ မေတ္တာရပ်ခံမှာဖြစ်ပါတယ်။




## ထိုင်းငါးဖမ်းလုပ်ငန်းတွေရဲ့လုပ်ရပ်တွေအတွက် ပြုပြင်ပြောင်းလဲဖို့ ဖိအားပေးလျက်ရှိ

### သတင်းစာထဲမှာ

စက်ရုံက ကျွန်အလုပ်သမားအကြောင်း သတင်းစာမှာဖော်ပြထားတာနဲ့ပတ်သက်ပြီး ပြီးခဲ့တဲ့နှစ်က သင်္ဘောသားများသတင်းလွှာမှာဖော်ပြထားပါတယ်။ ဒီလိုဖြစ်ရပ်တွေကိုကြားရတာကတော့ စိတ်တုန်လှုပ်ခြောက်ခြားစရာကောင်းပေမယ့် မတရားမှုတွေကတော့ကတော့ ဆက်ပြီးရှိနေဦးမှာပါပဲ။

၂၀၁၅ ခုနှစ် နိုဝင်ဘာလမှာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေရေးရာအဖွဲ့ (EJF) က ထုတ်ဝေခဲ့တဲ့ Thailand's Seafood Slaves ဆိုတဲ့ အစီရင်ခံစာတစ်ရပ်မှာ လူကုန်ကူးခြင်း၊ အဓမ္မခိုင်းစေခြင်းနဲ့ ငါးဖမ်းလုပ်ငန်းမှာအကြွေးကျွန်ဖြစ်စေခြင်းစတာတွေကို တိုက်ဖျက်ခြေမှုန်းရေးမှာ အများပြည်သူနှင့်တစ်ဦးချင်းစီဟာ ပျက်ကွက်မှုရှိကြောင်း မီးမောင်းထိုးပြထားပါတယ်။

၂၀၁၃ ခုနှစ်မှာပြုလုပ်ခဲ့တဲ့ ယခင်စုံစမ်းစစ်ဆေးမှုအရ ကျိုင်းတုံမှာ IUU တရားမဝင်ငါးဖမ်းလုပ်ငန်း၊ ခေတ်သစ်ကျွန်စနစ်၊ နှိပ်စက်ညှင်းပန်းမှု နှင့် လူသတ်မှုတွေဟာ ကုမ္ပဏီတွေငါးဖမ်းလုပ်ငန်းလုပ်ကိုင်ရာမှာ ဆက်လက်ဒုက္ခပေးလျက်ရှိကြောင်း EJF က ဖော်ပြခဲ့ပါတယ်။ အောက်တိုဘာလကုန်ပိုင်းမှာ ဘွန်လတ် (Boonlarp) ငါးဖမ်းလှေတွေက ငါးဖမ်းသမား ၁၂ ဦးကို ကယ်တင်ခဲ့ပြီး နိုဝင်ဘာလတွင် Boonlarp ငါးဖမ်းလှေပိုင်ရှင်နှင့် အပေါင်းအပါ ၇ ဦးကို ဖမ်းဆီးခဲ့ကြောင်း ထိုင်းအာဏာပိုင်တွေဆီ EJF အဖွဲ့တင်ပြခဲ့တဲ့ အသေးစိတ်သက်သေအထောက်အထားမှာ ဖော်ပြထားပါတယ်။

အလုပ်သမားတွေဟာ ရေရှည်စာချုပ်တွေချုပ်ရပြီး တစ်ခါတရံလုပ်အားခ (သို့) ဆေးဝါးအထောက်အပံ့မရဘဲ အလုပ်လုပ်ရကြောင်း ITF အဖွဲ့ Songkhla ဆိပ်ကမ်းကိုသွားရောက်စစ်ဆေးရာမှာ သိရှိခဲ့ရပါတယ်။ သင်္ဘောသားတွေဟာ လုံခြုံတဲ့အဝတ်အစားများမပါဘဲ အလုပ်လုပ်ရသလို၊ ကျဉ်းကျပ်တဲ့ နေရာမှာနေထိုင်ရပြီး အင်ဂျင်ကထွက်လာတဲ့မီးခိုးတွေကို ကာကွယ်ထားခြင်းမရှိဘဲ အင်ဂျင်ပေါ်တွင် ကျဉ်းကျပ်စွာအိပ်စက်ရခြင်းအပြင် အင်ဂျင်ဘေးတွင်သာ အစားအစာချက်ပြုတ်ရခြင်းအပါအဝင် အန္တရာယ်ရှိတဲ့အခြေအနေမျိုးမှာနေထိုင်ပြီး အလုပ်လုပ်နေရသည်။

အဲဒီလို နှိပ်စက်ညှင်းပန်းမှုတွေအဆုံးသတ်ဖို့ ဖိအားပေးမှုတွေ ထိုင်းနိုင်ငံမှာ တိုးမြင့်လာကြောင်း ITF/IUF ငါးဖမ်းလုပ်ငန်းအစီအစဉ် လက်ထောက် Nichola Smith က ပြောပါတယ်။ "ကျွန်တော်တို့ရဲ့ခရီးစဉ်ကရရှိဖို့ခက်ခဲတဲ့ သက်သေအထောက်အထားများကို အများဆုံးစုဆောင်းနိုင်ဖို့အဆုံးစွန်ထိ ITF စုံစမ်းစစ်ဆေးမှုကို ပြုလုပ်သွားမှာဖြစ်ပါတယ်။ အဲ့ဒီကမှတစ်ဆင့် စက်ရုံမှာစနစ်တကျပြောင်းလဲဖို့ကိုလုပ်ဆောင်မှာဖြစ်ပြီး အမြတ်အစွန်းရအောင်လုပ်ပေးတဲ့ အလုပ်သမားများကိုငါးဖမ်းကုမ္ပဏီတွေက တာဝန်ယူတက်ဖို့တွန်းအားပေးမှာ ဖြစ်ပါတယ်။"

www.ejfoundation.org/500.shtml မှာ အချက်အလက်စုံစုံလင်လင် ဖတ်ရှုနိုင်ပါတယ်။ ■



## ရုရှားငါးဖမ်းသမားများအတွက် တရားမျှတမှုမရှိခြင်း

**ရုရှားငါးဖမ်းသမားတွေ ရင်ဆိုင်နေရတဲ့ပြဿနာကတော့ လူကုန်ကူးခြင်း (သို့) ကျွန်ဘဝရောက်ခြင်းမဟုတ်ပေမယ့်လည်း ထောက်ထားညှာတာမှုကင်းမဲ့တဲ့ ပြဿနာတွေဖြစ်တယ်လို့ Vladivostok မှ ITF စစ်ဆေးရေးအရာရှိ Petr Osichansky က သတင်းပေးပို့ထားပါတယ်။ ရုရှားငါးဖမ်းသမားတွေ ရင်ဆိုင်နေရတဲ့ပြဿနာကတော့ လူကုန်ကူးခြင်း (သို့) ကျွန်ဘဝရောက်ခြင်းမဟုတ်ပေမယ့်လည်း ထောက်ထားညှာတာမှုကင်းမဲ့တဲ့ ပြဿနာတွေဖြစ်တယ်လို့ Vladivostok မှ ITF စစ်ဆေးရေးအရာရှိ Petr Osichansky က သတင်းပေးပို့ထားပါတယ်။**

ရုရှားငါးဖမ်းသမားတွေရဲ့ ဘဝအတွက် အလွန်ခက်ခဲစေတဲ့အချက် ၃ ချက်ရှိပါတယ်။ အဲဒါတွေကတော့လုပ်အားခပေးသည့်ပုံစံ၊ ပြည်ပအလံတွေကို အသုံးပြုခြင်းနဲ့ နေရာအနှံ့ငါးခိုးဖမ်းခြင်းတို့ပါပဲ။

သူတို့ရဲ့ အလုပ်သမားငှားရမ်းခြင်းစာချုပ်အရ ရုရှားငါးဖမ်းသမားတွေဟာ တစ်ခါတရံမပြောပလောက်အောင် နည်းပါးတဲ့ လုပ်အားခကိုသာ ရရှိကြပါတယ်။ ဒီလုပ်အားခဟာ အမြတ်အစွန်းကိုဝေစုခွဲပေးတာပါ။ ဒီဝေစုဟာ ဖမ်းမိတဲ့ငါးပမာဏနဲ့ ရောင်းဈေးအပေါ်မူတည်ပါတယ်။ ရုရှားငါးဖမ်းလုပ်ငန်းပိုင်ရှင်တွေဟာ စီးပွားရေးလုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံထားတဲ့ ပြည်ပစီးပွားဖက်တွေနဲ့ ပေါက်ဈေးထက်ဈေးလျှော့ပေးဝယ်တဲ့သူတွေနဲ့ စာချုပ်အရ ပတ်သက်ဆက်နွယ်မှုတွေရှိနိုင်ပါတယ်။ လုပ်အားခနဲ့ပတ်သက်ပြီး အငြင်းပွားစရာဖြစ်လာတဲ့အခါ ရှင်းလင်းပြတ်သားမှုမရှိတဲ့ ဆက်ဆံရေးနဲ့ခိုင်လုံမှုမရှိတဲ့ စာရွက်စာတမ်းတွေကြောင့် မျှတတဲ့လုပ်အားခရရှိဖို့အတွက် အောင်အောင်မြင်မြင်လုပ်ပေးနိုင်ဖို့ မဖြစ်နိုင်ပါဘူး။

ရှုပ်ထွေးနေတဲ့အခြေအနေကို ပိုမိုဆိုးရွားလာစေတဲ့အကြောင်းကတော့ သင်္ဘောပိုင်ရှင်တွေဟာ ရုရှားငါးလုပ်ငန်းအဖွဲ့ချုပ်မှာ စာရင်းသွင်းထားခြင်းမရှိတဲ့ ပြည်ပနိုင်ငံအလံတွေကို အသုံးပြုတဲ့သင်္ဘောတွေပါ။ ဒီသင်္ဘောတွေဟာ လုပ်ငန်းလိုင်စင်မရှိဘဲ အလုပ်သမားငှားရမ်းခြင်း စာချုပ်တွေကို အလုပ်ရှာဖွေရေးအေဂျင်စီက တခြားနေရာမှာ ကိုယ်စားလက်မှတ်ရေးထိုးထားပါတယ်။ ရုရှားဥပဒေအရ ဒီကိစ္စမှာကုမ္ပဏီသော်လည်းကောင်း အေဂျင်စီသော်လည်းကောင်း တာဝန်ယူဖို့ မပြဋ္ဌာန်းထားပါဘူး။ တရားမဝင်ငါးဖမ်းတဲ့ သင်္ဘောတွေမှာ အလုပ်လုပ်ဖို့စုဆောင်းထားတဲ့ ငါးဖမ်းသမားတွေအတွက် အဆိုးဆုံးအချက်ကတော့ လုပ်အားခကို တစ်ခါတရံမှသာရရှိခြင်းပါ။ တကယ်လို့ သင်္ဘောအဖမ်းခံရရင် ပိုင်ရှင်အစစ်ဟာ အမြဲတမ်းရှောင်တိမ်းသွားပြီး ရေလုပ်သားတွေကို စွန့်ပစ်ထားခဲ့တာကြောင့် ဒုက္ခရောက်ကြရပါတယ်။

တရားမဝင်ငါးဖမ်းခြင်း၊ အကြောင်းကြားခြင်းမရှိဘဲ ငါးဖမ်းခြင်းနဲ့ စည်းကမ်းမဲ့ငါးဖမ်းခြင်းစတာတွေကို တားဆီးဖို့အတွက် ပြီးခဲ့တဲ့ငါးနှစ်မှာ စီမံချက်တော်တော်များများဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုစည်းကမ်းမဲ့တရားမဝင်ငါးဖမ်းခြင်းတွေကို ကာကွယ်တားဆီးတိုက်ဖျက်ဖို့အတွက် ရုရှားနိုင်ငံဟာ ၂၀၁၀ခုနှစ်မှာ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့နဲ့ လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒီစာချုပ်ဟာ တရားဝင်ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူတွေရဲ့ ဝင်ငွေကို ကာကွယ်ပေးဖို့အတွက်လည်း ရည်ရွယ်ထားသလို ကုန်တင်သင်္ဘောတွေကို ထိန်းချုပ်ဖို့ ပြဋ္ဌာန်းထားပါတယ်။

တရားမဝင် ကူးသန်းရောင်းဝယ်ရေးလမ်းကြောင်းတွေကို တားဆီးပိတ်ပင်ဖို့အတွက်လည်း ရုရှားနိုင်ငံ နှင့် ဂျပန်၊ မြောက်ကိုရီးယားနှင့်တောင်ကိုရီးယား၊ တရုတ်နဲ့ကမ္ဘောဒီးယားနိုင်ငံတွေကြားမှာ နှစ်နိုင်ငံသဘောတူစာချုပ်တွေလည်း လက်မှတ်ရေးထိုးထားပါတယ်။ ဒီဆောင်ရွက်ချက်တွေကြောင့် ရုရှားနိုင်ငံရဲ့သီးသန့်စီးပွားရေးဇုန် (EEZ) ကနေ ငါးခိုးဖမ်းတဲ့ရေယာဉ်တွေကိုဖယ်ရှားပစ်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့သက်ဆိုင်ရာကုမ္ပဏီတွေဟာ ငါးခိုးဖမ်းတဲ့နေရာ အသစ်နဲ့ မှောင်ခိုဈေးကွက်ဆီကိုဦးတည်တဲ့ လမ်းကြောင်းအသစ်တွေကို ရှာဖွေနေကြတဲ့အချက်ကတော့ စိုးရိမ်စရာကောင်းလှပါတယ်။

ဒါကြောင့် ငါးဖမ်းခြင်းနဲ့ငါးဖမ်းသူတွေရဲ့ အခြေအနေတွေကို အကာအကွယ်ပေးဖို့အတွက် စောင့်ကြည့်မှုတွေပိုမိုဆောင်ရွက်သင့်သလို အာရှပစိဖိတ်ဒေသအတွင်းကပင်လယ်ရေကြောင်းဆိုင်ရာတာဝန်ရှိသူတွေနဲ့အတူ ပူးပေါင်းဆောင်ရွက်မှုတွေလည်း ပိုမိုဆောင်ရွက်သင့်ပါတယ်။

ရုရှားငါးဖမ်းသူတွေအတွက် ကျွန်တော့်ရဲ့သတင်းစကားကတော့ အလုပ်ခန့်အပ်တဲ့သဘောတူစာချုပ်ကို သေသေချာချာဖတ်ပါ။ သင်အလုပ်လုပ်မယ့်နေရာနဲ့ပတ်သက်တဲ့ စည်းမျဉ်းစည်းကမ်းတွေကို နားလည်အောင်ဖတ်ပါ။ ပြီးတော့ ငါးသယံဇာတတွေကို အတားအဆီးမရှိဖမ်းဆီးပြီး ကိုယ်ကျိုးရှာတဲ့ တရားမဝင်စည်းကမ်းမဲ့ငါးခိုးဖမ်းတာမျိုးတွေမရှိအောင် ရှောင်ရှားပါဆိုတာပါပဲ။ ■





# မသိရသေးတဲ့ အဖြစ်အပျက်တွေကို ဖော်ထုတ်ခြင်း

**သင်္ဘောသားတွေရဲ့ အံ့သြဖွယ်ကောင်းလှတဲ့ဒီဓာတ်ပုံတွေကတော့ သြစတြေးလျနိုင်ငံ BIG hART ကုမ္ပဏီက ဆောင်ရွက်တဲ့ Blue Angel arts စီမံကိန်းရဲ့ တစ်စိတ်တစ်ဒေသဖြစ်ပါတယ်။**



ကမ္ဘာတစ်ဝန်းက သင်္ဘောသားတွေရဲ့ အတွေ့အကြုံတွေနဲ့ သူတို့မကြာခဏ ရင်ဆိုင်နေရတဲ့ စွန့်စားမှုတွေကို သတိပြုမိစေဖို့အတွက် **Blue Angel** ဟာ ပင်လယ်ပြင်နဲ့ကမ်းစပ်က အဖြစ်အပျက်ဇာတ်လမ်းတွေကို ကမ္ဘာအနှံ့က လူတွေဆီလှည့်လည်ပြသပွဲတွေ၊ မှတ်တမ်းရုပ်ရှင်တွေ၊ သတင်းမီဒီယာနဲ့ လူမှုရေးမီဒီယာတွေကနေပြသပေးဖို့ ရည်ရွယ်ထားပါတယ်။

သင်္ဘောသားတွေရင်ဆိုင်နေရတဲ့ ဖြစ်ရပ်အကြောင်းအရာတွေနဲ့အတူ ပုံတူပန်းချီတွေနဲ့ဓာတ်ပုံတွေကို ပြင်ပလောကက လူတွေသိအောင် ယူဆောင်ပြသပေးမှာဖြစ်ပါတယ်။ နယ်သာလန်၊ ဖိလစ်ပိုင်၊ သြစတြေးလျ၊ တရုတ်နဲ့ UK အဝင် နိုင်ငံတွေကသင်္ဘောသားတွေနဲ့ တိုက်ရိုက်တွေ့ပြီး ဒီစီမံကိန်းကို ဆောင်ရွက်ခဲ့တာပါ။

သြစတြေးလျက အကောင်းဆုံးပန်းချီဆရာလေးဦးက သင်္ဘောသားတွေရဲ့ မျက်နှာပုံတူ ပန်းချီ ၂၃ ကားရေးဆွဲပေးခဲ့ပြီး ဓာတ်ပုံဆရာသုံးဦးကလည်း British Loyalty က အခုပယ်ဖျက်ထားတဲ့ သင်္ဘောပေါ်ကသင်္ဘောသားတွေရဲ့ ပုံတူပန်းချီကားတွေကို ဓာတ်ပုံရိုက်ပေးထားပါတယ်။ ဒီဓာတ်ပုံတွေကို ကမ္ဘာတစ်ဝှမ်းက လူပေါင်းသိန်းနဲ့ချီပြီး ကြည့်ရှုသိမြင်ခွင့်ရခဲ့ကြပါတယ်။ ဒီဓာတ်ပုံတွေထဲက တစ်ပုံကတော့ သြစတြေးလျနိုင်ငံရဲ့ ဂုဏ်သတင်း အကြီးဆုံးဆုဖြစ်တဲ့ အကောင်းဆုံးပုံတူဆုရရှိခဲ့ပါတယ်။

ဒီစီမံကိန်းဟာ သင်္ဘောကုမ္ပဏီတွေက မျှတပြီး ကျင့်ဝတ်နဲ့အညီ လုပ်ငန်းလည်ပတ် ဆောင်ရွက်ကြစေဖို့အတွက် BIG hART ရဲ့ ပင်လယ်ရေကြောင်းကူးသန်းသွားလာရေးလုပ်ငန်းနဲ့ ပူးတွဲဆောင်ရွက်တဲ့ နှစ်ရှည်စီမံကိန်းတွေထဲက တစ်ခုပါ။

ဒီစီမံကိန်းဟာ အရေးပါလှတဲ့အကြောင်းအရာဖြစ်ရပ်တွေကိုအမြဲရှာဖွေနေပါတယ်။ အထူးသဖြင့် အမျိုးသမီးသင်္ဘောသားတွေ၊ နိုင်ငံတကာသင်္ဘောသားတွေ၊ သင်္ဘောသားတွေရဲ့အိမ်ထောင်ဖက်တွေ၊ မိသားစုဝင်တွေနဲ့ပတ်သက်တဲ့ ဖြစ်ရပ်အကြောင်းအရာတွေပါ။ ဒါ့အပြင် ပင်လယ်ရေကြောင်းအတတ်ပညာနဲ့ ပတ်သက်ပြီး ကျွမ်းကျင်တဲ့သင်္ဘောသားတွေနဲ့ ဖန်တီးမှုကို လေ့လာလိုက်စားတဲ့ သင်္ဘောသားတွေကိုလည်း ဒီစီမံကိန်းက ရှာဖွေနေပါတယ်။ ဒါကြောင့် သင်တို့ရဲ့ ဖြစ်ရပ်တွေကို မျှဝေချင်တာပဲဖြစ်ဖြစ်၊ ဒီစီမံကိန်းမှာ ပါဝင်ချင်တာပဲဖြစ်ဖြစ် ကျွန်တော်တို့ရဲ့ ဝက်ဆိုက် www.blueangel.bighart.org ကို ဆက်သွယ်နိုင်ပါတယ်။■

# သင်္ဘောသားများ
# သတင်းအချက်အလက်များ နှင့်
# အကြံပေးချက်များကို
# အွန်လိုင်းတွင် ရယူလိုပါက

# www.itfseafarers.org

## တရုတ်၊အင်္ဂလိပ်၊ရုရှားနှင့် စပိန်ဘာသာတို့ဖြင့် ဖတ်ရှုနိုင်ပါသည်။




သင့်အတွက် အားထားနိုင်သည့်ဝက်ဆိုက်တစ်ခု ဖြစ်သည်။

* သင့်အခွင့်အရေးအတွက်လေ့လာစုံစမ်းချင်ပါသလား။
* အကြပ်အတည်းတစ်ခုခုကို ဖြေရှင်းနိုင်ဖို့ အကူအညီ ရှာနေပါသလား။
* သင့်အတွက် သမဂ္ဂတစ်ခုခုက ဘာလုပ်ပေးနိုင်လဲသိ ချင်ပါသလား။
* ITF နဲ့ အဆက်အသွယ်ရှိချင်ပါသလား။

www.seafarerstrust.org/apps မှာအောက် ပါအခမဲ့ app တွေကို download ရယူ နိုင်ပါတယ်။

* **Shore Leave 2.0 offline app** – ဆိပ်ကမ်းတွင် အားထားယုံကြည်ရသည့် သယ်ယူပို့ဆောင်ရေးကိုရှာ နိုင်ပြီး သင်္ဘောသားစင်တာ နှင့် ဆက်သွယ်နိုင်မည့် အချက်အလက်ရနိုင်ပါသည်။
* **ITF Seafarers App** – သင်္ဘောတစ်စီးစီး (သို့) စစ်ဆေးရေးမှူးတစ်ဦးဦးကိုရှာဖွေနိုင်သည်။

ပင်လယ်တွင်းသင်္ဘောသားများ၏ ဘဝနှင့်အရေး ကြီးသည့်ကိစ္စများနှင့်ပတ်သက်ပြီး နောက်ဆုံး အခြေအနေများကိုသိရှိနိုင်သည့် အခြားနည်းလမ်း များ

* တွစ်တာတွင် **#itfseafarers** ကိုအသုံးပြုပြီး နောက်ဆုံးအခြေအနေများကို ရယူဖော်ပြနိုင်သည်။
* တွစ်တာရှိ **@ITFglobalunion** နှင့် **www.facebook.com/ITFglobal** တို့တွင် ITF နှင့် သမဂ္ဂသတင်းများကို ရယူနိုင်ပါသည်။

သင့်အခွင့်အရေး၊ ရေကြောင်းပို့ဆောင်ရေးဆိုင်ရာသတင်း၊ ITFနှင့်ဆက်သွယ်ခြင်း၊ လစာ၊ အလုပ်အကိုင် နှင့် ဘေးကင်းရေးအကြံပြုချက်၊ သင်္ဘောတစ်စင်းရှာဖွေခြင်း၊ ဆိပ်ကမ်းအကြောင်း၊ မှတ်ပုံတင်ထားသည့်သင်္ဘော၊ စစ်ဆေးရေးမှူး၏ဘလော့ စာမျက်နှာ၊ သင်္ဘောသားများနှင့်စကားပြောခြင်း၊ ဖိုရမ်များ၊ သင့်အခွင့်အရေး